# သင်ခန်းစာ ၁ ကြယ်နှင့်လ (ကဗျာ)



## ကြယ်နှင့်လ

မိုးပေါ်မှာ ကြယ်တွေဝင်းလို့
လမင်းက ထိန်ထိန်သာ။
လမင်းနှင့် ကြယ်တာရာငယ်
ဘယ်ဟာက ကြီးပါလိမ့်။
ဘယ်ဟာက နီးပါလိမ့်။

အမည်မသိစာဆို




DBE Box – Copyright Protected


# သင်ခန်းစာ ၂ စကားလုံးတွေသုံးကာ ရုပ်ပုံဆွဲပါ

**ပေးထားတဲ့ နမူနာစကားလုံးတွေထဲက စကားလုံးသုံးလုံးကို ရွေးပြီး ရုပ်ပုံကားချပ်တစ်ခု ဆွဲကြရအောင်။**

| | | | |
|---|---|---|---|
| ပန်း | ခွေး | လှေ | ကြောင် |
| ကလေး | ရေကန် | သစ်ပင် | သစ်သီး |
| သင်္ဘော | လွယ်အိတ် | မြက်ခင်း | ငှက်ကလေး |


**သာဓက**

ရောင်ခြည်ဖြာတဲ့ မနက်ခင်းမှာ ကောင်းကင်ပေါ်မှာ ငှက်ကလေးတွေ ပျံဝဲနေကြတယ်။ ပန်းခင်းထဲမှာ ကြောင်ကလေးတစ်ကောင်လဲ ထိုင်နေတယ်. . .



DRI Box – Copyright Protected

## ကိုယ်ဆွဲထားတဲ့ ရုပ်ပုံတွေအကြောင်းကို အချင်းချင်းပြောကြမယ်။




- ရုပ်ပုံဆွဲတဲ့အခါ ကိုယ့်ရဲ့မှတ်စုစာအုပ်ထဲမှာပဲ ဆွဲရမယ်။
- ကိုယ်ဆွဲထားတဲ့ပုံအကြောင်းကို ရှင်းပြရမယ်။
- ကိုယ်ဆွဲထားတဲ့ပုံကို သူငယ်ချင်းတွေနားလည်အောင် ဘယ်လိုရှင်းပြရင် ကောင်းမလဲဆိုတာ သေသေချာချာ စဉ်းစားကြည့်ကြမယ်နော်။

## ဆွဲထားတဲ့ ရုပ်ပုံတွေထဲမှာ တူညီတဲ့အချက် မတူညီတဲ့အချက်တွေကို ရှာပြီး ပြောကြမယ်။




- ရုပ်ပုံတွေကို သေသေချာချာ စဉ်းစားပြီး ဆွဲထားရဲ့လား။
- ကိုယ့်ရဲ့ပုံကို ဘယ်လိုစိတ်ကူးမျိုးနဲ့ ဆွဲထားတာလဲ။
- ကိုယ့်သူငယ်ချင်းဆွဲထားတာနဲ့ တူညီတဲ့အချက်၊ မတူညီတဲ့အချက်တွေကို ရှာပြီး ပြောပြရမယ်နော်။

DBE Box – Copyright Protected


# သင်ခန်းစာ ၃ စေတနာ (ပုံပြင်)

အဘိုးအိုတစ်ယောက်သည် မိမိ၏ခြံစည်းရိုးနားတွင် မြေကိုတူးဆွကာ သရက်ပင်ပေါက်လေးများကို စိုက်ပျိုးနေ၏။ အိမ်ရှေ့မင်းသားသည် တောကစား ထွက်လာစဉ် ထိုခြံစည်းရိုးအနားသို့ ရောက်လာ၏။



အဘိုးအိုလည်း မင်းသားကို ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြို ပြုပြီးလျှင် လတ်ဆတ်မွှေးကြိုင်ချိုမြိန်သော သရက်သီးတို့ဖြင့် ဧည့်ခံ၏။ မင်းသားလည်း မြိန်ရှက်စွာ သုံးဆောင်ပြီးသော်





**မင်းသား** ။ ။ သရက်သီးများ သုံးဆောင်ရသည်မှာ အလွန်အရသာ ရှိလှပါသည်။ ကျွန်ုပ် တစ်ခုမေးပါရစေ။ ကျွန်ုပ်လာစဉ်က အဘိုးမည်သည့်အပင်များကို စိုက်နေပါသနည်း။

**အဘိုးအို** ။ ။ သရက်ပင်ပေါက်ငယ်များကို စိုက်ပျိုးနေပါသည်အရှင့်သား။

**မင်းသား** ။ ။ အဘိုး အသက်မည်မျှရှိပြီနည်း။

**အဘိုးအို** ။ ။ ကျွန်ုပ်အသက် ရှစ်ဆယ်ရှိပါပြီ။

**မင်းသား** ။ ။ အဘိုးအသက်သည် မည်မျှဆက်၍ ရှည်နေဦးမည်ဟု ထင်ပါသနည်း။ ယခု အဘိုးစိုက်ပျိုးသော သရက်သီးကို အဘိုးစားရန် မျှော်လင့်နေပါသေးသလော။ မိမိအတွက် အကျိုးမရှိနိုင်သည့်အလုပ်ကို လုပ်ခြင်းသည် သင့်မြတ်ပါ၏လော။

**အဘိုးအို** ။ ။ ယခု သရက်သီးကို အသင်မင်းသား စားသုံးနိုင်ခြင်းသည် ကျွန်ုပ်၏ ဘိုးဘေးများက စိုက်ပျိုးခဲ့သောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်ယခုစိုက်ပျိုးနေသော သရက်ပင်ပေါက်များ ကြီးပြင်းလာသောအခါတွင် ကျွန်ုပ်၏သားမြေးနှင့် နောင်လာနောက်သားများ စားသုံးနိုင်ကြပါလိမ့်မည်။

ထိုသို့အဘိုးအိုက လျှောက်လေသော် အိမ်ရှေ့မင်းသားသည် များစွာသဘောကျသဖြင့်



**မင်းသား** ။ ။ အဘိုးအို၏စကားသည် မှတ်သားထိုက်ပေစွ။ ကျွန်ုပ် မစဉ်းစားမဆင်ခြင်ဘဲ ပြောမိခြင်းကို သည်းခံပါ။ ယနေ့မှစ၍ ကျွန်ုပ်သည် တစ်ဖို့တည်းကို မကြည့်တော့ပါ။ ကျွန်ုပ်နှင့်တကွ နောင်လာနောက်သားတို့ အကျိုးရှိမည့် အလုပ်မျိုးကိုသာ လုပ်ပါတော့မည်။ အဘိုးအားလည်း ပူဇော်ပါရစေ။

DBE Box - Copyright Protected

ထိုသို့ဆို၍ အိမ်ရှေ့မင်းသားသည် ပတ္တမြားလက်စွပ်ကို ချွတ်ပေးခဲ့ပြီး စီးတော်မြင်းကို နှင်ကာ ရှင်လန်းစွာ ထွက်သွားလေ၏။

အဘိုးအိုက ငါ့စေတနာ အလျောက် စိုက်ပျိုးသော အပင်ကလေးများသည် ယခုလက်ငင်းပင် ပတ္တမြားသီး သီးပေပြီဟု ဝမ်းမြောက်ဝမ်းသာကျူးရင့်လေ၏။



## ခက်ဆစ်

| | | |
|---|---|---|
| ၁။ တောကစား | = | မင်းညီ မင်းသားတို့ တော၌ အမဲလိုက်သည်။ |
| ၂။ ခရီးဦးကြို | = | ရောက်လာသောဧည့်သည်ကို ဆီးကြိုခေါ်ယူသည်။ |
| ၃။ မြိန်ရှက်စွာ | = | နှစ်ခြိုက်အားရစွာ (စားသောက်သည်)။ |
| ၄။ သုံးဆောင် | = | စားသောက်သည်။ |
| ၅။ အရှင့်သား | = | ဘုရင့်သားတော်များကို ခေါ်သည့်စကား။ |
| ၆။ မျှော်လင့် | = | ရည်မှန်း စောင့်စားသည်။ |
| ၇။ သလော၊လော | = | အမေးစကား။ |
| ၈။ သင့်မြတ် | = | သင့်လျော်သည်။ |
| ၉။ ဘိုးဘေး | = | ဘိုးဘွားဆွေမျိုးအစဉ်အဆက်။ |
| ၁၀။ နောင်လာနောက်သား | = | သားမြေးအစဉ်အဆက်။ |
| ၁၁။ မှတ်သားထိုက်ပေစွ | = | စိတ်တွင် စွဲမှတ်ထားသင့်ပေ၏။ |
| ၁၂။ တစ်ဖို့တည်း | = | တစ်စုံတစ်ဦး အတွက်သာ။ |
| ၁၃။ စီးတော်မြင်း | = | ဘုရင် မင်းညီမင်းသားတို့ စီးသောမြင်း။ |
| ၁၄။ စေတနာ | = | သူတစ်ပါးအကျိုးကို လိုလားသောစိတ်။ |
| ၁၅။ ကျူးရင့် | = | ဝမ်းမြောက်ဝမ်းသာစွာ ပြောဆိုသည်။ |



DBE Box — Copyright Reserved

## လေ့ကျင့်ခန်း

### သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ အဘိုးအိုက လက်ငင်းပင် ပတ္တမြားသီး သီးလေပြီဟု ________ လေသည်။
(ကျူးရင့်၊ ကြူးရင့်)

၂။ မနက်ဖြန်မနက်တွင် ဖေဖေပြန်လာမည်ဟု ကျွန်တော် ________နေပါသည်။
(မြှော်လင့်၊ မျှော်လင့်)

၃။ ညီမလေးသည် ဖေဖေဝယ်လာသော မုန့်များကို ________ စွာ စားနေပါသည်။
(မြိန်ယှက်၊ မြိန်ရှက်)

### အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

စည်းရိုး၊ လက်ငင်း၊ ချိုမြိန်၊ ဝမ်းမြောက်ဝမ်းသာ၊ သဘောကျ

**သာဓက**

စည်းရိုး ။ ။ ကျွန်တော်တို့ ခြံဝင်းကို စည်းရိုးများ ကာရံထားပါသည်။

### အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ မင်းသားနှင့်အဘိုးအို မည်သည့်နေရာတွင် တွေ့ခဲ့သနည်း။

၂။ အဘိုးအိုက မင်းသားကို မည်သည့်အစားအစာဖြင့် ဧည့်ခံသနည်း။

၃။ "မိမိအတွက်အကျိုးမရှိသောအလုပ်ကို လုပ်ခြင်းသည် သင့်မြတ်ပါ၏လော"ဟု မင်းသားက အဘယ်ကြောင့် မေးသနည်း။

၄။ မင်းသားက အဘိုးအိုကို အဘယ်ကြောင့် ပတ္တမြားလက်စွပ် ပေးခဲ့သနည်း။


၅။ "လက်ငင်းပင် ပတ္တမြားသီး သီးလေပြီ"ဟု အဘိုးအိုက အဘယ်ကြောင့် ပြောခဲ့သနည်း။

၆။ မင်းသားသည် အဘိုးအိုထံမှ ထွက်သွားပြီးနောက် မည်သို့ ဆက်လုပ်မည်ထင်သနည်း။

DBE Box_Copyright Protected

# သင်ခန်းစာ ၄ စကားလုံးသစ်ပင်

စားဖိုမှူးသစ်ပင်မှာပါတဲ့ စကားလုံးလေးတွေကို ကြည့်ကြရအောင်။
ဘာတွေထပ်ဖြည့်ချင်သေးသလဲ။




DBE Box – Copyright Protected

## ၄။ စကားလုံးသစ်ပင်



**ခေါင်းစဉ်နဲ့ကိုက်ညီတဲ့ စကားလုံးတွေကို စဉ်းစားပြီး စကားလုံးသစ်ပင်ကို အဖွဲ့လိုက် တည်ဆောက်ကြရအောင်။**

မျက်လုံးအကြည့်နဲ့ဆိုင်တဲ့ စကားလုံး

လှုပ်ရှားမှုနဲ့ဆိုင်တဲ့ စကားလုံး

စိတ်ခံစားမှုနဲ့ဆိုင်တဲ့ စကားလုံး

အားကစားနဲ့ဆိုင်တဲ့ စကားလုံး

သန့်ရှင်းရေးနဲ့ဆိုင်တဲ့ စကားလုံး

**သာဓက**

မျက်လုံးအကြည့်နဲ့ဆိုင်တဲ့ စကားလုံး

မျက်လုံးအကြည့်နဲ့ဆိုင်တဲ့ စကားလုံးဆိုတာ စိုက်ကြည့်တယ်၊ ပြူးကြည့်တယ်ဆိုတဲ့ အကြည့်မျိုးကို ပြောတာဖြစ်တယ်။



နမူနာပေးထားတဲ့စကားလုံးတွေနဲ့ စကားလုံးသစ်ပင် တည်ဆောက်ကြည့်ပါအုံး

- အဖွဲ့အတွင်းမှာ ခေါင်းစဉ်ကို ရွေးချယ်ပြီး ပါဝင်မဲ့စကားလုံးတွေကို တစ်ဦးချင်း စဉ်းစားကြည့်ပါ။ စဉ်းစားပြီးတော့ စာရွက်မှာ ရေးထားပါ။



- စဉ်းစားထားတဲ့ စကားလုံးတွေကို အဖွဲ့တွင်းမှာ ဆွေးနွေးပြီး စကားလုံးသစ်ပင် ပြုလုပ်ကြရအောင်။








တို့အဖွဲ့ကတော့ စိတ်ခံစားမှုနဲ့ဆိုင်တဲ့ စကားလုံးကို ရွေးတယ်


တို့အဖွဲ့က လှုပ်ရှားမှုနဲ့ဆိုင်တဲ့ စကားလုံးကို ရွေးထားတယ်



DBE Box _Copyright Protected

**အဖွဲ့လိုက်ပြုစုထားတဲ့ စကားလုံးသစ်ပင်ကို အတန်းထဲမှာ ပြောကြမယ်။**




DRE Box — Copyright Protected

# သင်ခန်းစာ ၅ ဆား




မိမိတို့နေ့စဉ်စားသုံးနေသော ဆားသည် အလွန်အသုံးဝင်သည်။ ဆားသည် မည်ကဲ့သို့ အသုံးဝင်သနည်း။ ဆား မည်ကဲ့သို့ ရရှိသည်ကို သိပါသလား။

ဆားမပါသောဟင်းသည် အရသာပေါ့ပြက်ပြက်ဖြစ်တတ်သည်။ အငန်ဓာတ် ပါဝင်သော ဆားသည် အစားအစာများကို အရသာရှိစေရုံမက ကျန်းမာရေးအတွက်ပါ အထောက်အကူ ပြုသည်။ ချွေးထွက်လျှင် ခန္ဓာကိုယ်အညစ်အကြေးတို့နှင့်တကွ ဆားဓာတ်ပါသွား၍ ကာယလုပ်သား များနှင့် အားကစားသမားများသည် သာမန်လူတို့ထက် ဆားဓာတ်ပိုမိုလိုအပ်သည်။ သို့သော် တန်ဆေးလွန်ဘေးဆိုသကဲ့သို့ ဆားအစားများလွန်းလျှင် ကျန်းမာရေးထိခိုက်နိုင်သည်။




## ၅။ ဆား



ဆားသည် ခန္ဓာကိုယ်အတွက် အသုံးဝင်ရုံသာမက အသားငါးများ မပုပ်မသိုးဘဲ ကြာရှည်ခံအောင် ဆားနယ်၍ ငါးပိ၊ ငါးခြောက်၊ အသားခြောက်စသည်တို့ ပြုလုပ်ရာတွင်လည်း အသုံးဝင်သည်။ ထို့ပြင် လည်ချောင်းနာ၊ သွားနာပါက ဆားရည်ဖြင့် ပလုတ်ကျင်းပေးလျှင် သက်သာနိုင်သည်။ ဆားဖြင့် သွားတိုက်ခြင်း၊ ပါးစပ်ဆေးခြင်းတို့ကို ပြုလုပ်လေ့ရှိကြသည်။ ဆားကို အမျိုးမျိုးအသုံးပြုနိုင်သည်။

ဆားကို လူတို့သာ အလိုရှိသည်မဟုတ်။ တိရစ္ဆာန်နှင့်သစ်ပင်တို့သည်လည်း ဆားဓာတ်လိုကြောင်း သိပ္ပံနည်းအရ သိရှိရသည်။ တောတွင်းတိရစ္ဆာန်တို့သည် ဆားပေါက်သောမြေကို ရှာဖွေပြီး လျှာဖြင့်လျက်၍ စားကြသည်။



ဆားကို မြန်မာနိုင်ငံတွင်မည်သည့်အရပ်ဒေသမှ ရရှိပါသနည်း။ ရှေးအခါက ပဲခူးနယ်မှ ဆားအမြောက်အမြား ထွက်ခဲ့ဖူးသည်။ ယခုအခါတွင် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆားလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်လျက်ရှိကြသည်။ အဘယ်ကြောင့် ထိုဒေသများတွင် ဆားလုပ်ငန်းကို လုပ်ကိုင်ကြသနည်း။ ထိုဒေသများသည် ကမ်းရိုးတန်းဒေသများဖြစ်သည့်အတွက် ပင်လယ်ရေကို အလွယ်တကူ ရရှိသောကြောင့်ဖြစ်သည်။

ဆားထုတ်လုပ်ရာတွင် ပင်လယ်ရေကို ကျိုချက်၍ **ချက်ဆား**အဖြစ်လည်းကောင်း၊ ရေခန်းအောင် နေလှန်း၍ **နေလှန်းဆား**အဖြစ်လည်းကောင်း ပြုလုပ်ကြသည်။ အရပ်ဒေသအချို့တွင် ဆားပေါက်သောမြေကို ရေဖျော်၍လည်း ဆားထုတ်လုပ်ကြသည်။ အချို့နိုင်ငံများတွင် ဆားတောင်ကြီးများ၊ ဆားတွင်းကြီးများရှိနေသဖြင့် သတ္တုတူးဖော်သကဲ့သို့ ဆားတူးယူ၍ ဆားထုတ်လုပ်ကြသည်။

DBE Box – Copyright Protected

## ၅။ ဆား



အိုင်အိုဒင်းဓာတ်ချို့တဲ့သော လူတို့တွင် လည်ပင်းကြီးရောဂါဖြစ်တတ်သဖြင့် အိုင်အိုဒင်း ဖြည့်စွက်ထားသော ဆားကိုလည်း သီးသန့်ထုတ်လုပ်ကြသည်။

အကယ်၍ ဆားလုံးဝမရှိပါက ဆားဓာတ်ရအောင် မည်သို့ပြုလုပ်နိုင်သနည်း။ ဆားလုံးဝ မရှိတော့သော အရေးပေါ် အခြေအနေတွင် ဝါး စသည့် အပင်မျိုးကို မီးရှို့ပြီး ရလာသော ပြာကို ဆားအစား အသုံးပြုနိုင်သည်။ အဘယ်ကြောင့်နည်း။ သစ်ပင်မှရသော ပြာများတွင် အငန်ဓာတ် အနည်းငယ်ပါသောကြောင့်ဖြစ်သည်။

ထိုနည်းဖြင့် မိမိတို့နေ့စဉ်စားသုံးနေသော ဆားသည် အလွန်အသုံးဝင်ကြောင်းနှင့် ထိုဆားကို ရရှိရန် ရှေးယခင်ကပင် အမျိုးမျိုး တီထွင်ကြံဆခဲ့ကြောင်းကို သိရှိရပါသည်။

### ခက်ဆစ်

| | | |
|---|---|---|
| ၁။ အရသာပေါ့ပြက်ပြက် | = | အရသာမရှိဖြစ်လျက်။ |
| ၂။ သာမန် | = | အထူးမဟုတ်သော။ |
| ၃။ တန်ဆေးလွန်ဘေး | = | သင့်ရုံတန်ရုံ စားသောက်လျှင် ဆေးဖြစ်သည်။ အလွန်အကျွံ စားသောက်လျှင် ဘေးဖြစ်သည်။ |
| ၄။ ဆားပေါက်သောမြေ | = | ဆားဓာတ်ပါသောမြေ။ |

DBE Box-Copyright Protected

## လေ့ကျင့်ခန်း

**သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။**

၁။ လည်ချောင်းနာ၊ သွားနာပါက ဆားရည်ဖြင့် ________ ပေးလျှင် သက်သာနိုင်သည်။ (ပလုတ်ကျင်း၊ ပလုပ်ကျင်း)

၂။ ရှေးအခါက ပဲခူးနယ်မှဆား ________ ထွက်ခဲ့ဖူးသည်။ (အမြောက်အမြား၊ အမြောက်အများ)

၃။ အသားငါးများ ________ ဘဲ ကြာရှည်ခံအောင် ဆားနယ်၍ ငါးပိ၊ ငါးခြောက်၊ အသားခြောက် စသည်တို့ပြုလုပ်ကြသည်။ (မပုပ်မသိုး၊ မပုတ်မသိုး)

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

ကြာရှည်၊ အထောက်အကူ၊ ခန္ဓာကိုယ်၊ အားကစား၊ တီထွင်

**သာဓက**

ကြာရှည် ။ ။ ငါးကို ကြာရှည်ခံအောင် ဆားဖြင့် နယ်၍ထားရသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ ကာယလုပ်သားများနှင့်အားကစားသမားများသည် အဘယ်ကြောင့်သာမန်လူတို့ထက်ဆားဓာတ်ပိုမိုလိုအပ်သနည်း။

၂။ နေ့စဉ် ဆားအသုံးပြုပုံများကို ဖော်ပြပါ။

၃။ ဆားလုံးဝမရှိသော အရေးပေါ်အခြေအနေတွင် ဆားအလိုရှိပါက မည်ကဲ့သို့လုပ်ဆောင်မည်နည်း။

၄။ ဆား အသုံးဝင်ပုံများကို ဖော်ပြပါ။

၅။ ဆားအကြောင်းကိုလေ့လာပြီး ဆားနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဇယားတွင် ဖြည့်ပါ။

| စဉ် | အဓိကအချက် | အကြောင်းအရာများ |
|---|---|---|
| ၁။ | ထွက်ရှိရာနေရာ | |
| ၂။ | ထုတ်လုပ်ပုံ | |

DBE Box - Copyright Protected

# သင်ခန်းစာ ၆ ပြန်လှန်သင်ကြားခြင်း (၁)

**သတ်ပုံသံပေါက်ကဗျာကို ဆိုကြရအောင်။**

**–တ်**

**–န်**



## တသတ်

၁။ နုနု**ထွတ်ထွတ်**၊ ကွေးကွေး**ညွတ်**
ဖက်**ဆွတ်**ကိုလည်း တသတ်မည်။

၂။ ပွင့်ညှာပွင့်**ဝတ်**၊ ပင်လုံး**ညွတ်**
လှမ်း**ဆွတ်**ကိုလည်း တသတ်မည်။

၃။ ပြောဆို**တိတ်တိတ်**၊ နှုတ်သံ**ပိတ်**
**ဆိတ်ဆိတ်**ကိုလည်း တသတ်မည်။

၄။ မျက်စိစုံ**မှိတ်**၊ လည်ကို**ညိတ်**
တို့**ဆိတ်**ကိုလည်း တသတ်မည်။

## နသတ်

၁။ ရတနာ**စိန်**၊ ဝင်းလျှံ**ထိန်**
ရောင်**ရှိန်**ကိုလည်း နသတ်မည်။

၂။ ပိတောက်**ပန်းမန်**၊ ခါ**သင်္ကြန်**
**ဂိမှာန်**ကိုလည်း နသတ်မည်။

၃။ လူ**သုခမိန်**၊ **ပြက္ခဒိန်**
နိုင်း**ချိန်**ကိုလည်း နသတ်မည်။

၄။ သချ်ာသောင်း**သိန်း**၊ ရေတွက်**ကိန်း**
**ချိန်း**ချက်ကိုလည်း နသတ်မည်။

DBE BOX – Copyright Protected

# ၆။ ပြန်လှန်သင်ကြားခြင်း (၁)

**–ပ်** **–မ်**



DRE Box – Copyright Protected

## ပသတ်

၁။ မကျဲမ**စိပ်**၊ သစ်ပင်**ရိုပ်**

တိမ်**လိပ်**ကိုလည်း ပသတ်မည်။

၂။ လက်ဖြင့်နယ်**သိပ်**၊ မြစ်ကမ်း**ထိပ်**

ငါး**လိပ်**ကိုလည်း ပသတ်မည်။

၃။ ထမင်းမ**နပ်**၊ မီးမှာ**နှပ်**

ချဉ်**စပ်**ကိုလည်း ပသတ်မည်။

၄။ ဆန်ကွဲဆန်**နုပ်**၊ ဖွဲတစ်**ဆုပ်**၊

လက်**ခုပ်**ကိုလည်း ပသတ်မည်။

## မသတ်

၁။ လောကီစည်း**စိမ်**၊ နန်းရွှေ**အိမ်**

ရိပ်**ငြိမ်**ကိုလည်း မသတ်မည်။

၂။ ငယ်ငယ်**သိမ်သိမ်**၊ နန်းချည်**လိမ်**

ပန်း**ထိမ်**ကိုလည်း မသတ်မည်။

၃။ မဖျင်းမ**သိမ်**၊ ရေမှာ**စိမ်**

တင်း**တိမ်**ကိုလည်း မသတ်မည်။

၄။ စာပေမှာ**ကျမ်း** အိမ်မှာ**ကြမ်း**

ခွဲ**ခြမ်း**ကိုလည်း မသတ်မည်။

# သင်ခန်းစာ ၇ ပျားနှင့်ပိတုန်း (ကဗျာ)

**ပျားနှင့်ပိတုန်း**

ရွှေစံပယ် ရင်ခတ်နှင့်
ဇလပ်ကယ် ဇီဇဝါ
သင်းရနံ့ဖြာ။
လေဖြူးငယ်လာ
လေညာကစုရုံး။
ပွင့်ဝတ် ညှာတံ ချူလို့
လူလိုပင် သယ်ဆောင်သွားတယ်
ပျားနှင့်ပိတုန်း။

**အမည်မသိစာဆို**




DRE Book Copyright Protected

# သင်ခန်းစာ ၈ ဗဟုသုတရှာကြမယ် စာကြည့်တိုက်မှာကွယ်




DBF-box – Copyright Protected

**၁။ စာကြည့်တိုက်မှာ စာအုပ်တွေကို ဘာသာရပ်အလိုက် ခွဲထားပြီး အမျိုးအစားတူရာ စုထားတယ်။**




- ဒီနေရာလေးက သုတနဲ့ဆိုင်တဲ့ စာအုပ်တွေထားတဲ့ နေရာဖြစ်တယ်။
- ငှက်တွေအကြောင်းရေးထားတဲ့ စာအုပ်တွေအပြင် တခြားတိရစ္ဆာန်တွေအကြောင်း ရေးထားတဲ့ စာအုပ်တွေလဲရှိတယ်။



- အနှောင့်မှာ စာအုပ်နာမည် စာအုပ်ရေးသူအမည်နဲ့ နံပါတ်စဉ်ပါတယ်။

- ငှက်တွေအကြောင်း သီးသန့်ရေးထားတဲ့ စာအုပ်မှာလဲ ရှာလို့ရသလို တခြားစာအုပ်တွေမှာလဲ ငှက်တွေအကြောင်းကို ရှာလို့ရတယ်။
- ဘယ်လိုရှာကြမလဲ။ ဘယ်စာအုပ်ကို ရွေးမလဲ။

**၂။ စာအုပ်တွေကို ဖတ်တဲ့အခါ မာတိကာကို အရင်ကြည့်ကြရမယ်။ မာတိကာမှာ ပါဝင်တဲ့အကြောင်းအရာတွေရဲ့ ခေါင်းစဉ်နဲ့ စာမျက်နှာကို ဖော်ပြထားတယ်။**




| | |
|---|---|
| ရေငှက်များ—ဘဲငန်းများ။ ဝမ်းဘဲများ | ၃၄ |
| သားရဲငှက်များ—လင်းယုန်နှင့် သိမ်းငှက်များ။ သိမ်းငှက်များနှင့်၎င်းတို့၏မျိုးနွယ်များ | ၃၈ |
| ကြက်နှင့်တူသောငှက်များ—ခေါင်းမျိုးများ | ၄၁ |
| ကြိုးကြာများနှင့်၎င်းတို့၏မျိုးနွယ်များ | ၄၃ |
| ရေစပ်နေငှက်များနှင့်၎င်းတို့၏မျိုးနွယ်များ | ၄၄ |
| ကမ်းခြေစင်ရော်များ၊ အော့ငှက်များနှင့်၎င်းတို့၏မျိုးနွယ်များ | ၄၅ |
| ခိုများနှင့်၎င်းတို့၏မျိုးနွယ်များ | ၄၆ |
| ကြက်တူရွေးနှင့်၎င်းတို့၏မျိုးနွယ်များ | ၄၇ |

- မာတိကာကိုကြည့်ပြီး ခေါင်းစဉ်အလိုက် ဘယ်လိုအကြောင်းအရာတွေ ဖြစ်မယ်ဆိုတာ စဉ်းစားရမယ်နော်။
- ကလေးတို့သိချင်တဲ့ ငှက်အကြောင်းရှာချင်ရင် ဘယ်ခေါင်းစဉ်ကို ရှာရမလဲ။
- ဘယ်စာမျက်နှာကို ဖွင့်ရမလဲ။ အဲဒီစာအုပ်ထဲက ဘယ်အကြောင်းအရာကို ရွေးဖတ်မလဲ။

DBE Box - Copyright Protected

**၃။ မာတိကာမှာပါတဲ့ ခေါင်းစဉ်နဲ့ အတွင်းစာမျက်နှာမှာပါတဲ့ အကြောင်းအရာတူတယ်။**



ကြိုးကြာများနှင့်
၎င်းတို့၏မျိုးနွယ်များ

၄၃

- ဒီစာမျက်နှာက ဘာအကြောင်း ရေးထားတာလဲ။
- ကြိုးကြာအကြောင်းက ဒီစာမျက်နှာရဲ့ ဘယ်နေရာမှာ ရှိတာလဲ။



ကြိုးကြာများနှင့်
၎င်းတို့၏မျိုးနွယ်များ

ကြိုးကြာများ၊ ရေငုံးများ၊ ရေကြက်များ၊ 'ဗတ်စတတ်'များနှင့် ၎င်းတို့၏မျိုးနွယ်များသည် 'ဂရူအီဖောမီး' မျိုးစဉ်တွင် ပါဝင်သည်။ နှုတ်သီးမာ၊ အတောင်ဝိုင်းနှင့် အမြီးတိုရှိသည်။ အများစုသည် ရေတွင်ကျက်စားပြီး ရွှံ့နှင့် နုန်းမြေများတွင် နေသည်။ ခြေချောင်း၌ အရေပြားဆက် မရှိပေ။ ဦးရေနည်းလာပြီ ဖြစ်၏။ ကာကွယ်မှု မပေးပါက အချို့မျိုးနွယ်များ ကွယ်ပျောက် သွားနိုင်သည်။

ကြိုးကြာများ

ကြိုးကြာများသည် ခြေထောက်နှင့်လည်တံ ရှည်သည်။ နှုတ်သီးရှည်၍ ချွန်သည်။ အပင်၊ အင်းဆက် ပိုး၊ မွှားနှင့်အခြားသတ္တဝါငယ်များကိုစားသည်။ မျှော်လတ်စွာ ကပြနိုင်ပြီး တံပိုးခရာသံကဲ့သို့ အသံပြုတတ်၏။ တောင်အမေရိက၊ ပစိဖိတ်ကျွန်းများ၊ နယူးဇီလန်နှင့် မလေးကျွန်းစုမှလွဲ၍ ကမ္ဘာအနှံ့၌ တွေ့ရသည်။

ကြိုးကြာငယ်မျိုးသည် ယူရေးရှား အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ကုန်းပြင်မြင့်နှင့် လွင်ပြင်များ၌ ပေါက်ပွားသည်။

ဆိုက်ဗေးရီးယား ကြိုးကြာ ဖြူ မျိုး သည် ဆိုက်ဗေးရီးယား၌ ရှိသည်။ ကက်စပီယန် ပင်လယ်ကမ်းခြေ၌ ဆောင်းခိုသည်။

အသံကျယ် အမေရိကန် ကြိုးကြာကြီးသည် ၁.၃ မီတာခန့် မြင့်သည်။ ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုရန် တားမြစ်ထားသည်။ ကနေဒါ အနောက်ပိုင်းတွင် ပေါက်ပွားသည်။ တက္ကဆက် ပြည်နယ်တွင် ဆောင်းခိုသည်။

လှပသော သရဖူပုံအမောက်ပါ ကြိုးကြာကို အာဖရိကတွင် တွေ့ရသည်။

DLE Box – Copyright Protected



ကိုယ်ဖတ်ခဲ့တဲ့စာအုပ်က အကြောင်းအရာကို သေသေချာချာမှတ်ပြီး ပြန်ပြောရမယ်နော်။





DBE Box – Copyright Protected

# သင်ခန်းစာ ၉ အိုးကလေးနှစ်လုံး (ပုံပြင်)

လယ်တောတစ်ခုမှာ လယ်သမားကြီး တစ်ယောက်ရှိသတဲ့။
သူက ညနေတိုင်း သောက်သုံးရေအတွက် ရေထမ်းလေ့ရှိတယ်။
ရေထမ်းတဲ့အခါ အိုးကလေးနှစ်လုံးကို သုံးပြီးထမ်းပါတယ်။





အိုးကလေးနှစ်လုံးမှာ တစ်လုံးကတော့ အိုးကောင်းကလေး ဖြစ်ပေမဲ့ နောက်တစ်လုံးကတော့ အောက်ခြေမှာ အက်နေသတဲ့။

လယ်သမားကြီး ရေထမ်းတိုင်း အက်နေတဲ့ အိုးကလေးဘက်ခြမ်းမှာ ရေတွေစိမ့်ကျနေတတ်ပါတယ်။ ဒါကြောင့် လယ်သမားကြီးက ရေထမ်းတိုင်း အခေါက်ရေပိုပြီး ခပ်နေရတော့တာပေါ့။



DBE Box – Copyright Protected

တစ်ရက်မှာ အိုးကောင်းကလေးက အောက်ခြေအက်နေတဲ့ အိုးကလေးကို ဒီလိုပြောသတဲ့။

"မင်းကြောင့် ငါတို့ ပိုင်ရှင်လယ်သမားကြီးခမျာ ပိုပြီးတော့ပင်ပန်းရတယ်။ မင်းကငဲ့လို ရေကောင်းကောင်း မသယ်နိုင်လို့ အခေါက်ခေါက်အခါခါ သယ်နေရတယ်။ မင်းဟာအသုံးမကျတဲ့ အကောင်ပဲ။ မင်း ငါတို့ လယ်တောထဲက ထွက်သွား" လို့ပြောလိုက်ပါလေရော။





အက်နေတဲ့ အိုးကလေးဟာ အလွန်စိတ်မကောင်း ဖြစ်သွားရှာတယ်။ သူဟာ အသုံးမကျတဲ့ အိုးကလေးဖြစ်တာကြောင့် လယ်တောက ထွက်သွားမယ်လို့လဲ ဆုံးဖြတ်လိုက်ပါတယ်။

လယ်သမားကြီးကို အိုးအက်ကလေးက သူလယ်တောက ထွက်သွားတော့မယ်။ သူ့ကိုစွန့်ပစ်လိုက်ပါတော့လို့ သွားပြောတယ်။ သူ့ကြောင့် လယ်သမားကြီး ပိုပင်ပန်းရတာကိုလဲ တောင်းပန်သတဲ့။







DBE Box — Copyright Protected

"အိုးကလေးရယ် မင်းဟာအသုံးမဝင်တဲ့အိုး မဟုတ်ပါဘူး။ မင်းဘယ်လောက် အသုံးဝင်တယ်ဆိုတာ ငါလက်တွေ့ပြမယ်" လို့ဆိုပြီး အိုးကလေးနှစ်လုံးကို သူရေခပ်တဲ့ လယ်တောလမ်းကလေးအတိုင်း ခေါ်သွားပါတော့တယ်။ အက်တဲ့အိုးကလေးကို ထမ်းတဲ့ ဘက်မှာ ပန်းကလေးတွေ ပွင့်နေတာကို လယ်သမားကြီးက ပြသတဲ့။

"ကဲ အိုးကလေးတို့ရေ အက်တဲ့အိုးကလေးဘက်ခြမ်းက စိမ့်ထွက်နေတဲ့ ရေတွေကြောင့် ရေသယ်ရင်း ရေလောင်းပြီးသားလို ဖြစ်သွားတာမို့ ဟောဒီပန်းခင်းလေး လှနေတာပေါ့" ဆိုပြီးရှင်းပြပါတယ်။



DBE Box Copyright Protected



သူငယ်ချင်းကို အသုံးမကျဘူးဆိုပြီး စိတ်ဆိုးဒေါသထွက်နေတဲ့ အိုးကောင်းကလေးကလဲ သူ့ သူငယ်ချင်းက လယ်တောဝန်းကျင်ကို ဘယ်လိုအကျိုးပြုပေးနေတယ်ဆိုတာ နားလည်သွားခဲ့ပါပြီ။ အဲဒီနေ့ကစပြီး သူငယ်ချင်းနှစ်ယောက်ဟာ တစ်ယောက်ကရေသယ် တစ်ယောက်က ရေလောင်းရင်း လယ်တောဝန်းကျင်ရဲ့ သာယာစိမ်းလန်းရေးကို အတူတကွ ပူးပေါင်း လုပ်ဆောင်ကြပါတော့တယ်။

**စာရေးသူ – သံလွင်မြင့်**
**ကာတွန်းသရုပ်ဖော် – သီဟ(စခန်းသစ်)**
**သဒ်စတိုရီပရောဂျက်**

## လေ့ကျင့်ခန်း

၁။ လယ်သမားကြီးက ဘာကြောင့် အခေါက်ခေါက် အခါခါ ရေခပ်နေရတာလဲ။

၂။ အိုးကောင်းကလေးက အိုးအက်ကလေးကို ဘာကြောင့်အပြစ်တင်တာလဲ။

၃။ မင်းသာအိုးကောင်းကလေးဆိုရင် အိုးအက်ကလေးကို ဘယ်လိုပြောမလဲ။

၄။ အိုးအက်ကလေးက ဘာဖြစ်လို့ သူ့ကိုစွန့်ပစ်ပါလို့ပြောသလဲ။

၅။ အိုးအက်ကလေး စိတ်အားတက်အောင် လယ်သမားကြီးက ဘယ်လိုပြောသလဲ။

၆။ ပုံပြင်အဆုံးမှာ အိုးကောင်းကလေးရဲ့ စိတ်သဘောထား ဘယ်လိုပြောင်းလဲသွားသလဲ။

၇။ ပုံပြင်ပါ ဇာတ်ဆောင်သုံးဦး၏ ကောင်းတဲ့အချက်များကို ဖော်ပြပါ။

၈။ ကိုယ်ရဲ့ကောင်းတဲ့အချက်နဲ့ သူငယ်ချင်းရဲ့ ကောင်းတဲ့အချက်ကိုရှာဖွေပြီး ပြောပြပါ။

DRE Box — Copyright Protected


# သင်ခန်းစာ ၁၀ ဓာတ်ပုံကြည့်ပြီး တွေးကြ ရေးကြမယ်



**ဓာတ်ပုံလေးကိုကြည့်ပြီး တွေးကြည့်ကြရအောင်။**



- အကြောင်းအရာအမျိုးမျိုးကို တွေးကြည့်လို့ရတယ်။




| **ဓာတ်ပုံတွင် တွေ့မြင်ရသော အကြောင်းအရာ** | **မိမိအတွေး** |
| --- | --- |
| **သာဓက**<br>• ကြောင်<br>• လမ်းပေါ်မှာ | **သာဓက**<br>• ကြောင်ကလေးတစ်ကောင် အိမ်ကထွက်ပြီး လမ်းပေါ်မှာ အိပ်နေတယ်။<br>• ကြောင်ကလေး ညက ကြွက်ခုပ်ရတော့ အိပ်ရေးပျက်လို့ အိပ်နေတာဖြစ်မယ်။ |

DBE Box - Copyrighted

**မှတ်စုမှာရေးထားတဲ့ အကြောင်းအရာတွေကို စာပိုဒ်အဖြစ်ရေးကြရအောင်။**

- အကြောင်းအရာရဲ့ ခေါင်းစဉ်ကို ဘယ်လိုပေးမလဲစဉ်းစားကြည့်ကြမယ်။
- ဘာကြောင့်နှစ်သက်တယ်ဆိုတဲ့ အကြောင်းကို ရေးကြမယ်။

**နမူနာ**






**အိပ်ပုပ်ကြီးတဲ့ ကြောင်ကလေး**

ကျွန်တော်က ကြောင်ကလေးပုံကို နှစ်သက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြောင်ကလေး အိပ်နေတဲ့ပုံက သိပ်ချစ်စရာကောင်းတာပဲ။ သူ ညက ကြွက်တွေ အများကြီး ခုပ်ရလို့ အိပ်ရေးပျက်ပြီး အိပ်နေတာဖြစ်မယ်။ ဒါကြောင့် သူလမ်းပေါ်မှာပဲ အိပ်ပျော်နေတာဖြစ်မယ်။

# ၁၀။ ဓာတ်ပုံကြည့်ပြီး တွေးကြ ရေးကြမယ်

**ကြိုက်တဲ့ ဓာတ်ပုံတစ်ပုံကိုရွေးပြီး ဘာအကြောင်းဖြစ်မလဲ တွေးကြည့်ကြရအောင်။**













**ကိုယ်တွေးထားတဲ့ အကြောင်းအရာကို ဇယားကွက်ထဲမှာ မှတ်စုရေးကြည့်ကြရအောင်။**

| ဓာတ်ပုံတွင် တွေ့မြင်ရသော အကြောင်းအရာ | မိမိအတွေး |
|---|---|
| | |

**ကိုယ်ရေးထားတဲ့အကြောင်းအရာတွေကို အချင်းချင်းပြောကြည့်ကြရအောင်။**

- ကိုယ်ပြောချင်တဲ့ အကြောင်းအရာကို ပြောနိုင်ခဲ့သလား။
- တခြားသူပြောတဲ့ အကြောင်းအရာကို သေသေချာချာ နားထောင်ကြရအောင်။
- ရွေးချယ်ထားတဲ့ ဓာတ်ပုံတူပေမဲ့ အတွေးတွေမတူညီပုံကို အချင်းချင်း ဆွေးနွေးကြရအောင်။

DRE Box — Copyright Protected

# သင်ခန်းစာ ၁၁ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အတ္တုပ္ပတ္တိ)



ဇာတ်မင်းသားကြီး ဦးဘိုးစိန်သည် မြန်မာဇာတ်သဘင်ကို ခေတ်မီတိုးတက်စေခဲ့သော ဇာတ်သဘင်ပညာရှင်ကြီး ဖြစ်ပါသည်။ ဦးဘိုးစိန်ကို အိမ်မဲမြို့၊ ခလောက်သိုက်ရွာ၌ ၁၈၈၂ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် မွေးဖွားသည်။ မိဘများမှာ ရပ်ထဲရွာထဲက အကကောင်းသူ ဖခင် ပလို့ ကိုစံထွန်းနှင့် မိခင် ဇာတ်မင်းသမီး မရွှေရုပ်တို့ဖြစ်သည်။ ငယ်အမည်မှာမောင်သိုက် ဖြစ်ပါသည်။

မောင်သိုက်၏ မိဘနှစ်ပါးမှာ ဇာတ်မင်းသား မင်းသမီးများ ဖြစ်ကြသည်။ ညီအစ်ကို မောင်နှမတို့မှာလည်း သဘင်ပညာရှင်နှင့် ဆိုင်းပညာရှင်များဖြစ်ကြသည်။ မောင်သိုက်သည် ဇာတ်သဘင်လောကသို့ရောက်လျှင် မောင်ဘိုးစိန်ဟူသောအမည်ကိုယူသည်။ မောင်ဘိုးစိန်သည် ဇာတ်သဘင်ပညာကို အခြေခံမှစ၍ သင်ယူလေ့လာခဲ့သည်။ မန္တလေးတွင် ဇာတ်သဘင်ပညာကို လေ့လာဆည်းပူးခဲ့ပါသည်။ ဦးဘိုးစိန်သည် တစ်စတစ်စ ကျော်ကြားလာခဲ့ပါသည်။ ဇာတ်သဘင်ပညာပြည့်ဝသော ယောကျ်ားမင်းသမီး အောင်ဗလနှင့်လည်းတွဲ၍ ကပြခဲ့သည်။

ဦးဘိုးစိန်သည် စိတ်ကူးကောင်းသည်။ မြန်မာဇာတ်သဘင် ခေတ်မီတိုးတက်အောင် ကြံစည်ဆောင်ရွက်ခဲ့သည်။ ရှေးအခါက သဘင်ပညာသည်တို့သည် ထိုးဇာတ်၊ လုပ်ဇာတ်တို့ကိုသာ ကပြခဲ့သော်လည်း ဦးဘိုးစိန်က ဇာတ်နိပါတ် ဗုဒ္ဓဝင်တို့မှ ကောင်းနိုးရာရာ ဇာတ်၊ ဝတ္ထုတို့ကို ရွေးချယ်၍ ကပြခဲ့သည်။

ဦးဘိုးစိန်သည် မင်းသားအကကို ပို၍ဆန်းသစ်အောင် အခုန်အပျံ ခြေထိုးခြေကတို့ဖြင့် ကြိုးစားကပြခဲ့သည်။ ရှေးက အရပ်သူတို့ စု၍ကသော ဟန်အကကို ဦးဘိုးစိန်က ယိမ်းအကအဖြစ် ခံ့ညားလှပအောင် တီထွင်ဆန်းသစ်ကပြခဲ့သည်။ အဆိုအငိုတို့ကိုလည်း တီထွင်ဆန်းသစ်စေခဲ့သည်။ ဘိုးစိန်အဆို၊ ဘိုးစိန်အကဟူ၍ တစ်မူထူးအောင် တီထွင်နိုင်ခဲ့သည်။

## ၁၁။ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အတ္ထုပ္ပတ္တိ)

ရှေးအခါက ဇာတ်ကရာတွင် ရေနံမီးတိုင်ကိုထွန်း၍ ကပြကြသည်။ ဦးဘိုးစိန်က အောက်လင်းဓာတ်မီး၊ လျှပ်စစ်မီး စသည်ဖြင့် ထွန်းညှိကပြခဲ့သည်။ ထို့အပြင် ဇာတ်ခုံအဆင်အပြင်၊ ဇာတ်ဝတ်ဇာတ်စား၊ ဆိုင်းအဆင်အပြင်တို့ကို ရိုးရာနှင့်လည်းညီညွတ်အောင်၊ ခေတ်လည်း မီအောင် တီထွင်ခဲ့သည်။ ဦးဘိုးစိန်လက်ထက်တွင် မြေဝိုင်းဇာတ်သဘင်မှ စင်မြင့်ဇာတ်သဘင် အဆင့်သို့ ရောက်ရှိခဲ့သည်။ မင်းအစိုးရတို့ ချီးမြှင့်ခဲ့သော ဝဏ္ဏကျော်ထင်ဘွဲ့ကို ရခဲ့သည်။



မြေဝိုင်းဇာတ်



ဦးဘိုးစိန်လက်ထက် ဇာတ်သဘင်အပြင်အဆင်

ထိုအချိန်က ဦးဘိုးစိန်သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကိုယ်ပိုင်သင်္ဘော ကိုယ်ပိုင် ရွက်ထည်ရုံများကိုသုံး၍ ကပြခဲ့သည်။ ဇာတ်မင်းသားကြီးဦးဘိုးစိန်၏ ကျေးဇူးကြောင့် မြန်မာ ဇာတ်သဘင်သည် မြေဝိုင်းဇာတ်သဘင်အဆင့်မှ ခေတ်မီသောဇာတ်သဘင်အဆင့်သို့ တိုးတက် ရောက်ရှိခဲ့သည်။ မြန်မာဇာတ်သဘင်ပညာကို အကျိုးပြုခဲ့သော ဇာတ်မင်းသားကြီး ဦးဘိုးစိန်သည် ၁၉၅၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

## ခက်ဆစ်

၁။ ပလို့ (အက) = အများအားဖြင့် တံတောင်ဆစ်၊ ဒူးဆစ်စသည်ကို ဖျတ်လတ်စွာချိုး၍ ပတ်မဆစ်၊ ပတ်မချက်ဖြင့် ကသောအက။

၂။ ထိုးဇာတ် = ကြံဖန်တီထွင်ရေးထားသောဇာတ်။

၃။ ဇာတ်နိပါတ် = ဘုရားမြတ်စွာ၏ ရှေးဘဝအဖြစ်အပျက်ဇာတ်တော်များကို ဂါထာအရေအတွက်အလိုက် စုစည်းထားသော ဇာတ်ဝတ္ထုအစု။

၄။ ဗုဒ္ဓဝင် = မြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်။

၅။ ဟန်အက = အမူအရာဖြင့် ကပြသောအက။

၆။ ယိမ်းအက = စုပေါင်း၍ ညီညီညာညာ ကပြရသော အကတစ်မျိုး။

၇။ ရေနံမီးတိုင် = မီးစာတပ်၍ရေနံဆီ၊ လောင်စာဆီဖြင့်ထွန်းသော အခြေပါသည့် မီးထွန်းစရာပစ္စည်း။

၈။ အောက်လင်းဓာတ်မီး = လောင်စာဆီအိုးအောက်ဘက်တွင် ဖန်ပြောင်းတပ်ဆင်ထားပြီး ရေနံဆီ၊ မီးစာ၊ လေအားတို့ဖြင့် ထွန်းညှိ၍ အမြင့်တွင် ချိတ်ဆွဲရသောမီးအိမ်။

၉။ မြေဝိုင်းဇာတ် = မြေပြင်တွင် ပန်းပင်ပန်းကိုင်းစိုက်၍ ဝိုင်းပတ်ကပြသော ရှေးခေတ်ဇာတ်ပွဲ။

## လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ ဦးဘိုးစိန်သည် အလွန် _______သော ဇာတ်မင်းသားကြီး ဖြစ်သည်။ (ကြော်ကျား၊ ကျော်ကြား)

၂။ ဦးဘိုးစိန်သည် မြန်မာဇာတ်သဘင်ကို ______တိုးတက်အောင်ဆောင်ရွက်ခဲ့သည်။ (ခေတ်မှီ၊ ခေတ်မီ)

၃။ ဦးဘိုးစိန်က _______တို့ကိုလည်း ရွေးချယ် ကပြခဲ့သည်။ (ဇာတ်နိပတ်၊ ဇာတ်နိပါတ်)



DBE Box — Copyright Protected

## အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

စိတ်ကူး၊ ယိမ်းအက၊ ဇာတ်သဘင်၊ ဆန်းသစ်၊ ဆည်းပူး၊ တီထွင်

**သာဓက**

စိတ်ကူး ။ ။ ဦးဘိုးစိန်သည် စိတ်ကူး ကောင်းသူဖြစ်သည်။

## အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ အောက်ပါအချက်များပေါ် မူတည်ပြီး ဇယားတွင်ဖြည့်ပါ။

| ဦးဘိုးစိန်မတိုင်မီ ဇာတ်သဘင်အခြေအနေ | ဦးဘိုးစိန်ခေတ်ဇာတ်သဘင်အခြေအနေ |
|---|---|
| (က) ထိုးဇာတ် လုပ်ဇာတ်<br>(ခ) ဟန်အက<br>(ဂ) ရေနံမီးတိုင်<br>(ဃ) ရိုးရိုးအဝတ်အစား<br>(င) မြေဝိုင်းဇာတ်သဘင် | |

၂။ ဦးဘိုးစိန်အကြောင်းအကျဉ်းချုပ်ကို ဇယားတွင်ဖြည့်ပါ။

| | |
|---|---|
| မွေးဖွားသည့်ခုနှစ် | |
| မိဘအမည် | |
| မွေးဖွားရာဒေသ | |
| ဇာတ်သဘင်ပညာ ဆည်းပူးခဲ့သည့်နေရာ | |
| ရရှိခဲ့သောဘွဲ့ | |
| ကွယ်လွန်သည့် ခုနှစ် | |

၃။ ဇာတ်သဘင်နှင့်ပတ်သက်၍ ဦးဘိုးစိန်တီထွင်ဆန်းသစ်လုပ်ဆောင်ခဲ့သော အရာများကို ဖော်ပြပါ။

၄။ ဦးဘိုးစိန်သည် မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း။

၅။ ဦးဘိုးစိန် အတ္ထုပ္ပတ္တိကိုဖတ်ပြီး မိမိ၏အမြင်ကို ဖော်ပြပါ။

DBE Box – Copyright Protected

# သင်ခန်းစာ ၁၂ အောင်ဆန်းဇာနည် (ကဗျာ)

**အောင်ဆန်းဇာနည်**

ဖေဖော်ဝါရီ ဆယ့်သုံးမှာ
ဗိုလ်ချုပ်မွေးနေ့ပါ။
တစ်ထောင့်ကိုးရာ တစ်ဆယ့်ငါး
ရွှေ့နေဦးဖာသား။
ဇာတိနတ်မောက် မကွေးခရိုင်
သိကြမျှားခုတိုင်၊
ကြံ့ကြံ့ခိုင်တဲ့ ဇာနည်ဘွား
မိခင်ဒေါ်စုသား။
တစ်ထောင့်ကိုးရာ လေးဆယ့်ခွန်
ပြောင်းကြွတမလွန်၊
မျက်ရည်သွန်လို့ ဘဝင်ညှိုး
ဇူလိုင် တစ်ဆယ့်ကိုး။
ပြည်ထောင်စုရဲ့ကျေးဇူးရှင်
ဗိုလ်ချုပ်တို့ဖခင်၊
ကောင်းစေချင်တဲ့မှာစကား
ငါတို့မမေ့အား။
ပြည်ထောင်လွတ်ရေး ကြိုးပမ်းအောင်
ပြည်ချစ်တို့ခေါင်းဆောင်၊
အနာဂတ်လူ့ဘောင် လမ်းစဉ်များ
ဗိုလ်ချုပ်ချမှတ်သွား။

**ရဲအောင်မိုး**






လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းကို လေးစား
ကြည်ညိုစိတ်နဲ့ ကဗျာကို ရွတ်ဆိုကြရအောင်

DBE Box — Copyright Protected

# သင်ခန်းစာ ၁၃ ဝေါဟာရကြွယ်ကြွယ်ကစားမယ်



**ရာသီအလိုက် ဘယ်လိုအဝတ်အစားမျိုးတွေ ဝတ်ကြသလဲဆိုတာ စဉ်းစားကြည့်ကြရအောင်။**



ရာသီအလိုက် ဝတ်ဆင်ကြတဲ့ အဝတ်အစားတွေကို ရေးကြည့်ကြရအောင်

**အဝတ်အစား**



**နွေရာသီ**

ချည်ထည်အင်္ကျီ

______________________

______________________

______________________

______________________



**မိုးရာသီ**

မိုးကာအင်္ကျီ

______________________

______________________

______________________

______________________



**ဆောင်းရာသီ**

အနွေးထည်အင်္ကျီ

______________________

______________________

______________________

______________________

ရာသီမရွေးဝတ်ဆင်နိုင်တဲ့ အဝတ်အစားတွေလဲရှိတယ်နော်။

| **နွေ** | **မိုး** | **ဆောင်း** |
|---|---|---|

အားကစားဝတ်စုံ

______________________

______________________

______________________

______________________

______________________

ဝေါဟာရဆိုတာ စကားလုံးတွေကို ပြောတာဖြစ်တယ်



DBE Box – Copyright Protected

# ၁၃။ ဝေါဟာရကြွယ်ကြွယ်ကစားမယ်

**ပေးထားတဲ့ခေါင်းစဉ်တွေထဲက ကြိုက်ရာရွေးပြီး အဖွဲ့ထဲမှာ ဆွေးနွေးကြရအောင်။**

| | | |
|---|---|---|
| သစ်ပင်ပန်းမန် | အသီးအနှံ | ဟင်းသီးဟင်းရွက် |
| ရာသီဥတု အခြေအနေ | နေထိုင်မှုပုံစံ (ကျောင်းတွင်း ကျောင်းပြင်) | |




**ကိုယ်ရေးထားတဲ့ ခေါင်းစဉ်အောက်မှာ စကားလုံးတွေကို ပြည့်ပြည့်စုံစုံ ဖြည့်နိုင်ရဲ့လား။**




DRLFox — Copyright Protected

# သင်ခန်းစာ ၁၄ ပုဂံ



ကျွန်မတို့မိသားစုသည် နွေရာသီကျောင်းပိတ်ရက်က ပုဂံမြို့သို့ ဘုရားဖူး လေ့လာရေး ခရီးသွားခဲ့ကြပါသည်။ ပုဂံမြို့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ် အရှေ့ဘက်ကမ်းပေါ်၌ တည်ရှိပါသည်။ ပုဂံမြို့ဟောင်း၏အဝင်ဝတွင် သရပါ တံခါး၊ ကျုံးဟောင်းနှင့် မြို့ရိုးဟောင်းရှိပါသည်။ ထိုမြို့ရိုးကို မြန်မာသက္ကရာဇ် ၂၁၁ ခုနှစ်တွင် ပျဉ်ပြားမင်းက တည်ခဲ့သည်ဟု ဖေဖေကပြောပါသည်။

ပုဂံမြို့သည် မြန်မာတို့၏ အလွန်ခမ်းနားကြီးကျယ်သော သမိုင်းဝင်ရှေးဟောင်းမြို့တော် ကြီးဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်က တည်ခဲ့သော မြို့တော်ပုဂံတွင် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု၊ အနုပညာလက်ရာများ ထွန်းကားခဲ့ပါသည်။ ထို့ကြောင့် မြန်မာတို့သည် ပုဂံကို မြတ်နိုးကြခြင်းဖြစ်ကြောင်း ဖေဖေက ကျွန်မတို့ကို ရှင်းပြပါသည်။

ရှေးခေတ်ပုဂံပြည်ကြီးသည် မြန်မာတို့၏ ပထမမြန်မာနိုင်ငံတော် ဖြစ်ပါသည်။ ပုဂံခေတ် မြန်မာနိုင်ငံကို ထိုခေတ်မြန်မာတိုင်းရင်းသားတို့က စည်းလုံးညီညွတ်စွာ စုပေါင်းတည်ထောင်ခဲ့သည်ဟု ကျွန်မတို့ မှတ်သားရပါသည်။





ပုဂံသည် အနော်ရထာမင်း လက်ထက်မှစ၍ ထင်ရှားလာခဲ့သည်။ အနော်ရထာမင်းမြတ်သည် ရှင်အရဟံ၏ ဩဝါဒဖြင့် ဗုဒ္ဓသာသနာ ထွန်းကားအောင် စွမ်းဆောင်ခဲ့ပါသည်။

# ၁၄။ ပုဂံ

ဗုဒ္ဓဘာသာကို ပုဂံသားတို့ သက်ဝင်ယုံကြည်သဖြင့် ဘုရားပုထိုးစေတီမြောက်မြားစွာ တည်ထားကိုးကွယ်ခဲ့ကြသည်။ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူစသည့် မင်းကောင်းမင်းမြတ်တို့သည် ပုဂံပြည်ကြီးတွင် ထီးနန်းစိုက်ကာ နိုင်ငံတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်ကိုလည်း ကျွန်မတို့ မှတ်သားရပါသည်။

ကျွန်မတို့မိသားစုသည် ရှေးခေတ် ပုဂံပြည်ကြီး စည်ပင်သာယာပုံနှင့် စပ်လျဉ်း၍ ပုဂံမြို့ဟောင်း ဒေသတစ်ဝိုက်တွင် ရှေးဟောင်းဘုရားပုထိုးစေတီများ လက်ညှိုးထိုးမလွဲ မြောက်မြားစွာ တည်ရှိနေသည်ကိုလည်း မြင်တွေ့ခဲ့ရပါသည်။ ပုဂံမြို့ရှိ ဘုရားပုထိုးများမှာ ငလျင်ဒဏ်များကြောင့် ပြိုပျက်ခဲ့သည်။ မင်းနှင့်ပြည်သူလက်တွဲကူ၍ ခေတ်အဆက်ဆက် ပြန်လည်မွမ်းမံခဲ့ကြသည်ဟု သိရပါသည်။


ရွှေစည်းခုံ


အာနန္ဒာ


ဓမ္မရံကြီး


သဗ္ဗညု

ကျွန်မတို့သည် ပုဂံရှိထင်ရှားသော ဘုရားများဖြစ်သည့် ဗူးဘုရား၊ ရွှေစည်းခုံ၊ အာနန္ဒာ၊ သဗ္ဗညု၊ လောကနန္ဒာ၊ မနူဟာ၊ ကန်တော့ပလ္လင်၊ ဓမ္မရံကြီး၊ အလိုတော်ပြည့်၊ ဓမ္မရာဇက စသောဘုရားပုထိုးများကို ကြည်ညိုစွာ ဖူးမြော်ခဲ့ပါသည်။ ပုဂံဒေသတွင် သဗ္ဗညုသည် ဉာဏ်တော်အမြင့်ဆုံး၊ ဓမ္မရံကြီးသည် ထုထည်အကြီးဆုံး၊ အာနန္ဒာသည် အနုပညာလက်ရာ အမြောက်ဆုံး၊ ရွှေစည်းခုံ ဘုရားကြီးမှာ တန်ခိုးအကြီးအဆုံးဖြစ်ကြောင်း “ထု ဓမ္မရံ၊ ဉာဏ် သဗ္ဗညု၊ အနု အာနန္ဒာ၊ တန်ခိုးမှာ ရွှေစည်းခုံ”ဟူ၍ အစဉ်အလာစကားအဆိုရှိခဲ့ပါသည်။ ထိုဘုရားပုထိုးများတွင် ပုဂံခေတ် ဗိသုကာလက်ရာများ၊ နံရံဆေးရေးပန်းချီများကိုလည်း အံ့သြဖွယ်တွေ့မြင်ခဲ့ပါသည်။



DBE Copyright Protected

# ၁၄။ ပုဂံ


နံရံဆေးရေးပန်းချီ


ဗိသုကာလက်ရာ

ကျွန်မတို့သည် ပုဂံရှေးဟောင်း သုတေသနပြတိုက်ရှိ ရာဇကုမာရ်ကျောက်စာကို ကြည့်ရှုခဲ့ပါသည်။ ယွန်းသိပ္ပံကောလိပ်သို့လည်းဝင်၍ လေ့လာခဲ့ပါသည်။ ပုဂံဒေသလက်ဆောင်အဖြစ် ယွန်းထည်ပစ္စည်း၊ သနပ်ခါး၊ ပုံးရည်ကြီးနှင့် အခြား အမှတ်တရပစ္စည်းများကိုလည်း ဝယ်ယူနိုင်ပါသည်။ ပုဂံတွင် ဘုရားဖူးများအပြင် ကမ္ဘာလှည့်ခရီးသည်များလည်း မြန်မာ့ယဉ်ကျေးမှုကို လေ့လာကြပါသည်။ ကမ္ဘာလှည့်ခရီးသည်တို့သည် ယဉ်ကျေးမှုအနုပညာလက်ရာနှင့် ပုဂံ၏ ဆည်းဆာအလှကိုလည်း ခံစားကြည့်ရှုကြပါသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး (ယူနက်စကို)က ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ ပုဂံနှင့်ပတ်သက်၍ ကျွန်မတို့ ဆက်လက်လေ့လာရဦးမည်ဟု ဖေဖေကမှာကြားပါသည်။ ကျွန်မသည် ပုဂံမြို့ဟောင်းကို လေ့လာရင်း ရှေးခေတ်ပုဂံပြည်သားတို့၏ ယဉ်ကျေးမှုအနုပညာလက်ရာများအတွက် ဂုဏ်ယူမိပါသည်။ ကျွန်မတို့သည် ပုဂံတွင် လေ့လာပြီးနောက် ပျော်ရွှင်စွာ ပြန်ခဲ့ကြပါသည်။


ရာဇကုမာရ်ကျောက်စာ


ပုဂံဒေသလက်ဆောင်


ပုဂံရှေးဟောင်းသုတေသနပြတိုက်

DRE Box – Copyright Protected

**ခက်ဆစ်**

| | | |
|---|---|---|
| ၁။ မြို့ရိုး | = | နန်းတော်တည်ရှိရာ မြို့ပတ်လည်တွင် ကာရံထားသည့်တံတိုင်း။ |
| ၂။ သမိုင်းဝင် | = | သမိုင်းတွင်မှတ်တမ်းတင်ခံရသော။ |
| ၃။ ဩဝါဒ | = | ဆုံးမစကား။ |
| ၄။ ဗိသုကာလက်ရာ | = | ဆောက်လုပ်မှုဆိုင်ရာပညာ။ |
| ၅။ နံရံဆေးရေးပန်းချီ | = | ဂူဘုရားအတွင်းရှိ နံရံများတွင် ဆေးရောင်စုံဖြင့် ရေးခြယ်သော ပန်းချီ။ |
| ၆။ သုတေသန | = | တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်း။ |
| ၇။ ဆည်းဆာ | = | နေဝင်ချိန်။ |

## လေ့ကျင့်ခန်း

**အောက်ပါ ပါဠိဆင့်စကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အာနန္ဒာ၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ ဓမ္မရာဇကာ၊ ယွန်းထည်ပစ္စည်း

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

သမိုင်းဝင်၊ မြို့တော်၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဩဝါဒ

**သာဓက**

သမိုင်းဝင် ။ ။ ပုဂံမြို့သည် ရှေးဟောင်းသမိုင်းဝင်မြို့ဟောင်းဖြစ်သည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ ပုဂံမြို့၏ တည်နေရာကို ဖော်ပြပါ။
၂။ ပုဂံပြည်ကြီးတွင် ထီးနန်းစိုက်ကာ နိုင်ငံတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် မင်းကောင်းမင်းမြတ် အမည်များကို ဖော်ပြပါ။
၃။ ရှေးဟောင်းပုဂံမြို့မှ ထင်ရှားသော ဘုရားများကိုဖော်ပြပါ။
၄။ "ထု ဓမ္မရံ ညဏ် သဗ္ဗညု၊ အနု အာနန္ဒာ၊ တန်ခိုးမှာ ရွှေစည်းခုံ"ဟူသည့် စကား၏ အဓိပ္ပာယ်ကိုရေးပါ။
၅။ ပုဂံဒေသ လက်ဆောင်များကို ဖော်ပြပါ။
၆။ ပုဂံဒေသကို မည်သည့် ခုနှစ်၊ လ၊ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် မည်သည့်အဖွဲ့အစည်းက သတ်မှတ်ခဲ့သနည်း။
၇။ ပုဂံမြို့သည် မြန်မာနိုင်ငံအတွက် အဘယ်ကြောင့် ဂုဏ်ယူစရာကောင်းသနည်း။



DBE Box – Copyright Protected

# သင်ခန်းစာ ၁၅ ဝါကျတွေချဲ့ထွင်ကြည့်ကြမယ်

**နမူနာ စာကြောင်းကို ကြည့်ပြီး ဝါကျတွေချဲ့ထွင်ပြောကြမယ်။**

ကျော်ကျော် သွားတယ်။




(က) ကျော်ကျော် **ကျောင်းကို** သွားတယ်။ (**ဘယ်နေရာ**)

(ခ) ကျော်ကျော် ကျောင်းကို **ကားနဲ့** သွားတယ်။ (**ဘယ်နေရာ၊ ဘာနဲ့**)

(ဂ) ကျော်ကျော် ကျောင်းကို **မနက် ၈ နာရီ**မှာ ကားနဲ့ သွားတယ်။
(**ဘယ်နေရာ၊ ဘယ်အချိန်၊ ဘာနဲ့**)

(ဃ) ကျော်ကျော် ကျောင်းကို **ညီမလေးနဲ့** မနက် ၈ နာရီမှာ သွားတယ်။
(**ဘယ်နေရာ၊ ဘယ်သူနဲ့၊ ဘယ်အချိန်**)



ပေးထားတဲ့ နမူနာဝါကျတွေဟာ တစ်ကြောင်းနဲ့တစ်ကြောင်း ဘယ်လိုကွာခြားသွားသလဲ စဉ်းစားကြည့်ရအောင်


**ဝါကျတွေကို ဘယ်လိုချဲ့ထွင်ရေးလို့ရသလဲဆိုတာ ဇယားကိုကြည့်ပြီး စဉ်းစားကြရအောင်။**

| | | |
|---|---|---|
| ဘယ်သူက | ဘယ်နေရာကို<br>ဘယ်အချိန်မှာ<br>ဘယ်သူနဲ့<br>ဘာနဲ့ | သွားခဲ့သလဲ။ |



DSE Box – Copyright Protected

**ပေးထားတဲ့ဝါကျတွေကို ချဲ့ထွင်ရေးကြည့်ရအောင်။**





**ကိုယ်ရေးထားတဲ့ ဝါကျတွေကို သူငယ်ချင်းတွေနဲ့ အပြန်အလှန် ပြောကြည့်ကြရအောင်။**




DBE Box – Copyright-Protected

# သင်ခန်းစာ ၁၆ အမှတ်စဉ်တပ်ကာ ပြောကြမယ်

**ပုံစံ (၁)**




**ပုံစံ (၂)**



ဆရာမ အကြိုက်ဆုံး စားစရာသုံးမျိုးကို ပြောပြမယ်။

**ပထမတစ်ခုက** မုန့်ဟင်းခါးဖြစ်တယ်။ **ဘာဖြစ်လို့လဲဆိုတော့** မုန့်ဟင်းခါးက ထမင်းနဲ့ ရောစားရင်လဲကောင်းတယ်။ မုန့်ဟင်းခါး သက်သက်လဲ ကောင်းတယ်။ ဒီလို နှစ်မျိုးစားလို့ ရလို့ဖြစ်တယ်။


**ဒုတိယတစ်ခုက** ကြက်သားဟင်းဖြစ်တယ်။ ကြက်သားဟင်းကို ထမင်းနဲ့စားရတာ အရသာရှိလို့ဖြစ်တယ်။

**တတိယတစ်ခုက** ပေါင်မုန့်အုန်းနို့ဆမ်း ဖြစ်တယ်။ ပေါင်မုန့်နဲ့အုန်းနို့အရသာ ချိုဆိမ့်လေးမို့ ကြိုက်တယ်။

- ပုံစံ (၁)နဲ့ (၂)က ဘယ်လို ကွာခြားသလဲ။
- ဘယ်ဟာက ပိုနားလည်ရလွယ်သလဲ။

DBE Box — Copyright Protected

**အဖွဲ့လိုက်ရွေးထားတဲ့အကြောင်းအရာကို ပြောကြရအောင်။**




**ကလေးတို့ ကြိုက်နှစ်သက်တာကို ရွေးပြီး ပြောကြည့်ကြမယ်။**

| | |
|---|---|
| ကြိုက်နှစ်သက်တဲ့ စာအုပ် ၃ အုပ် | ကြိုက်နှစ်သက်တဲ့ စားစရာ ၃ မျိုး |
| ကြိုက်နှစ်သက်တဲ့ ပုံပြင် ၃ ပုဒ် | ကြိုက်နှစ်သက်တဲ့ ယာဉ် ၃ မျိုး |
| ကြိုက်နှစ်သက်တဲ့ အားကစား ၃ မျိုး | ကြိုက်နှစ်သက်တဲ့ ကစားစရာ ၃ မျိုး |

- ကိုယ်ကြိုက်နှစ်သက်တဲ့ အကြောင်းအရာတစ်ခုကို ပြောတဲ့အခါမှာ ဘာဖြစ်လို့လဲဆိုတဲ့ အကြောင်းပြချက်ပါအောင် ပြောရမယ်။

DBE Box – Copyright Protected

**ကြိုက်နှစ်သက်တဲ့ အကြောင်းအရာတွေကို စဉ်းစားပြီး မှတ်စုရေးကြမယ်။**

- မှတ်စုရေးတဲ့အခါမှာ
  - စာပိုဒ်ခွဲပြီးရေးကြမယ်။
  - အကြောင်းအရာ နှစ်ခုထက်ပိုရင် အမှတ်စဉ်တပ်ပြီး ရေးကြရမယ်။
  - နမူနာပြထားတဲ့ ပုံစံ (၂) ကို ကြည့်ပြီး မှတ်စုရေးကြမယ်။
  - ဘာကြောင့် ကြိုက်နှစ်သက်ရသလဲဆိုတာကိုပါ ထည့်ရေးရမယ်။

- နမူနာပုံစံကိုကြည့်ပြီး နှစ်ယောက်တစ်တွဲ ပြောကြည့်ကြရအောင်။



- သူငယ်ချင်းပြောတာကို နားထောင်ပြီး အကြံဉာဏ်ပေးကြည့်ကြရအောင်။



- သူငယ်ချင်းပေးတဲ့ အကြံဉာဏ်ကို ယူပြီး အတန်းရှေ့မှာ ပြောကြည့်ရအောင်။



DBE Box _Copyright Protected

# သင်ခန်းစာ ၁၇ ကွန်ပျူတာ (ကဗျာ)

**ကွန်ပျူတာ**

ကျွန်တော့်နာမည် ကွန်ပျူတာ
ခေတ်သစ် မဟော်သဓာ။
သိလိုရာ ဖွေရှာကြည့်
အဖြေပေးနိုင်ဘိ။
ပညာရှိလို တိကျပြန်
အချက်အလက် မှန်မှန်ကန်။
မြန်မြန်ဆန်ဆန် ဆက်သွယ်သတင်း
စာပေ ရုပ်ရှင် ဂီတ သီချင်း။
ကမ္ဘာကြီးကို ကျဉ်းနိုင်တာ
ရွာလေးတစ်ရွာပမာ။
မှော်ဆရာလို အစွမ်းထက်
သိပ္ပံဦးနှောက်စက်။





**မင်းချမ်းမွန်**




ကွန်ပျူတာက ဘယ်လိုအသုံးဝင်သလဲဆိုတာ ကဗျာလေးကို ဖတ်ကြည့်ရင်း ပုံဖော်ကြည့်ကြရအောင်



DBE Box – Copyright Protected

# သင်ခန်းစာ ၁၈ စကားဆက်



**စကားဆက်တွေ အသုံးပြုပြီးရေးထားတဲ့ ဝါကျတွေရဲ့ အဓိပ္ပာယ်ဆက်စပ်မှု မတူညီပုံကို ပြောကြည့်ကြရအောင်။**

ပန်းတွေပွင့်နေတယ်။ ဒါကြောင့် လိပ်ပြာကလေးတွေလာနားတယ်။
ပန်းတွေပွင့်နေတယ်။ ဒါပေမဲ့ ပန်းတွေအကုန်မပွင့်သေးဘူး။
ပန်းတွေပွင့်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေမှန်မှန်လောင်းလို့။

- **ဒါကြောင့်**
- **ဒါပေမဲ့**
- **ဘာဖြစ်လို့လဲဆိုတော့**

ပန်းတွေပွင့်နေတယ်။

**ဒါကြောင့်** လိပ်ပြာကလေးတွေလာနားတယ်။

ပန်းတွေပွင့်နေတယ်။

**ဒါပေမဲ့** ပန်းတွေအကုန်မပွင့်သေးဘူး။

ပန်းတွေပွင့်နေတယ်။

**ဘာဖြစ်လို့လဲဆိုတော့** ရေမှန်မှန်လောင်းလို့။



ဒီဝါကျတွေက ဘယ်လို ကွာခြားတာပါလိမ့်

DPE Box — Copyright Protected

**သာဓက**

ပန်းတွေပွင့်နေတယ်။
**ဒါကြောင့်** လိပ်ပြာကလေးတွေလာနားတယ်။

**ဒါကြောင့်** ဆိုတဲ့ စကားဆက်ကို အဓိပ္ပာယ် ဆက်စပ်မှုရှိချင်တဲ့အခါ သုံးတယ်။

ပန်းတွေပွင့်နေတယ်။
**ဒါပေမဲ့** ပန်းတွေအကုန်မပွင့်သေးဘူး။

**ဒါပေမဲ့** ဆိုတဲ့ စကားဆက်ကို သဘောမတူကြောင်း ရေးချင်တဲ့အခါ သုံးတယ်။

ပန်းတွေပွင့်နေတယ်။
**ဘာဖြစ်လို့လဲဆိုတော့** ရေမှန်မှန်လောင်းလို့။

**ဘာဖြစ်လို့လဲဆိုတော့** ဆိုတဲ့ စကားဆက်ကို အကြောင်းပြချက်ကိုပေးချင်တဲ့အခါ သုံးတယ်။

**ပေးထားတဲ့ ဝါကျတွေမှာ ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့ စကားဆက်တွေကိုသုံးပြီး စာကြောင်း ဆက်ရေးကြည့်ကြရအောင်။**

| | | |
|---|---|---|
| ဒီနေ့ မိုးရွာတယ်။ | မေမေ ဈေးသွားခဲ့တယ်။ | ဦးဦး အိမ်ပြင်နေတယ်။ |
| မမ ဖျားနေတယ်။ | မောင်မောင် ဘောလုံးကန်နေတယ်။ | |
| ကိုကို ပန်းချီဆွဲနေတယ်။ | ကျောင်းသားကျောင်းသူများ သစ်ပင်စိုက်နေတယ်။ | |

**ကိုယ်ရေးထားတဲ့ စာကြောင်းကို အချင်းချင်း ပြန်ပြောကြမယ်။**




- စကားဆက်တွေကို အသုံးပြုပြီး ဆိုလိုချင်တဲ့အဓိပ္ပာယ်ရအောင် ပြောလို့ရေးလို့ရတယ်။



DBE Box – Copyright Protected

# သင်ခန်းစာ ၁၉ မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း

**ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို မည်သို့ခွဲခြားမည်နည်း။ ပုံနှင့်စာကို ယှဉ်တွဲဖတ်ရှုကြရအောင်။**


ကလေးတို့ ကြက်ဥအခွံကိုခွဲပြီး အတွင်းပိုင်းကို ကြည့်ဖူးပါသလား။ ကြက်ဥပြုတ်၏ အဖြူရောင်အကာသည် ခဲနေသောအဝါရောင်အနှစ်၏ ဘေးပတ်လည်တွင်ရှိနေပြီး အခွံနှင့် ကပ်နေသည်။ မပြုတ်ရသေးသော ကြက်ဥစိမ်းတွင်မူ အကြည်ရောင် ပျစ်ချွဲသောအကာသည် ပျော့နေသော အဝါရောင်အနှစ်၏ ပတ်လည်တွင်ရှိနေသည်။ ထိုသို့ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်၏ အတွင်းပိုင်း ကွာခြားသည်။

ထိုသို့ဆိုလျှင် ကြက်ဥအခွံကိုမခွဲဘဲ မည်သည်က ကြက်ဥစိမ်းဖြစ်သည် မည်သည်က ကြက်ဥပြုတ်ဖြစ်သည်ကို ခွဲခြားသိရှိနိုင်ပါမည်လား။ ဦးစွာ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို လက်တစ်ဖက်စီတွင်တင်ကာ နှိုင်းယှဉ်ကြည့်မည်။ ကြက်ဥနှစ်လုံးမှာ အရောင်၊ ပုံသဏ္ဌာန်၊ အလေးချိန်အတူတူပင်ဖြစ်သည်။ ထို့ကြောင့် အရောင်၊ ပုံသဏ္ဌာန်၊ အလေးချိန်ဖြင့် ခွဲခြားရန် ခက်ခဲသည်။



ပုံ (၁) မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း။

ထို့အတွက် ကြက်ဥနှစ်လုံးကို လှည့်ကာ မတူညီသောအချက် ရှိ မရှိကို ရှာကြည့်ကြမည်။



ပုံ (၂) ကြက်ဥလှည့်ပုံ



DBE Box — Copyright Protected

ကြက်ဥပြုတ်ကို ပန်းကန်ပြားတွင် ပုံ (၂) အတိုင်း လက်ဖြင့်ဖြည်းဖြည်းလှည့်ကြည့်ပါ။ ထိုသို့လှည့်ပါက အဝိုင်းလေးလည်လာလိမ့်မည်။ ထို့ထက်ပို၍ မြန်မြန်လှည့်ပါက အဝိုင်းနှစ်ဝိုင်းပေါ်လာပြီး ထောင်ကာ လည်လိမ့်မည်။ ဂျင်ကဲ့သို့ လည်လိမ့်မည်။ ကြက်ဥစိမ်းကို ထိုလုပ်ပုံလုပ်နည်းအတိုင်း ပြုလုပ်ပါက မည်သို့ဖြစ်မည်နည်း။ လှုပ်ပြီး ဖြည်းဖြည်းချင်း လည်ရုံသာရှိလိမ့်မည်။ မြန်မြန်လှည့်သည့်တိုင် မြန်မြန်လည်လာခြင်း မရှိပေ။




ပုံ (၃) ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ် လည်ပုံချင်း မတူညီပုံ

ထိုကဲ့သို့ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ် လည်ပုံချင်းမတူညီသည်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရသည်။ ထိုလည်ပုံ ကွဲပြားမှုသည် မည်သည့် ကြက်ဥစိမ်း၊ ကြက်ဥပြုတ်တွင်မဆို အတူတူပင်ဖြစ်ပါသလား။ အတူတူဖြစ်ပါက လက်ဖြင့်လှည့်ကြည့်ရုံမျှဖြင့် ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို ခွဲခြားသိရှိနိုင်ပေလိမ့်မည်။

ထို့ကြောင့် ကြက်ဥစိမ်း ၅ လုံးနှင့် ကြက်ဥပြုတ် ၅ လုံးယူကာ အထက်ပါနည်းအတိုင်း လှည့်ကြည့်သည်။ ကြက်ဥစိမ်းတိုင်းသည် ဖြည်းညင်းစွာလည်သည်။ ကြက်ဥပြုတ်တိုင်း ဂျင်ကဲ့သို့ လျင်မြန်စွာလည်သည်။

DBE Box – Copyright Protected

## ၁၉။ မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း

ကြက်ဥအခွံမခွဲဘဲ လည်ပုံကိုကြည့်၍ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို ခွဲခြားနိုင်သည်။ အဘယ်ကြောင့် ထိုသို့ခွဲခြားနိုင်သနည်း။ ကြက်ဥအတွင်းတွင် လျှို့ဝှက်ချက်ရှိနေသောကြောင့် ဖြစ်သည်။




ပုံ (၄) ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်၏ အတွင်းပိုင်းပုံ

ကြက်ဥပြုတ်တွင် အတွင်းရှိအရာအားလုံးသည် အခဲဖြစ်ပြီး အကာသည်လည်း ကြက်ဥခွံနှင့်ကပ်နေသည်။ ထို့ကြောင့် ကြက်ဥပြုတ်သည် အကာနှင့်အနှစ် တစ်သားတည်းဖြစ်နေသောကြောင့် ဂျင်ကဲ့သို့ လည်နိုင်ခြင်းဖြစ်သည်။

ကြက်ဥစိမ်းတွင် အတွင်းပိုင်းသည် စေးပျစ်သော အရည်ဖြစ်နေသည်။ ထို့ကြောင့် ကြက်ဥခွံကို အားစိုက်ကာလှည့်သော်လည်း ကြက်ဥပြုတ်ကဲ့သို့ အတွင်းပိုင်းသည် မလည်ဘဲ အဟန့်အတားဖြစ်နေသည်။ ဤသို့ဖြင့် ကြက်ဥစိမ်း၏ အတွင်းပိုင်းသည် လည်ပတ်မှုကို အရှိန်တန့်သွားစေသည်။ ကြက်ဥစိမ်း၏ အတွင်းပိုင်း ထိုသို့ဖြစ်တည်နေသည်မှာ ကြက်ငယ် အကောင်ပေါက်လာမည့်အရာဖြစ်သောကြောင့် လည်ပတ်မှု အရှိန်မပြင်းဘဲ အန္တရာယ်ကင်းစေရန် သဘာဝက စီမံပေးထားခြင်းဖြစ်သည်။

**မှီငြမ်းပြုစာအုပ်　ကျယ်ပြန့်လာသောစကားလုံးများ**
**တတိယတန်း ဂျပန်စာ (ဒုတိယတွဲ) ၂၀၁၅ ခုနှစ်**
**ဂျပန်နိုင်ငံ ပညာ (Kyoiku)ထုတ်ဝေရေး**

DBE Box - Copyright Protected

## လေ့ကျင့်ခန်း

### အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ကြက်ဥအခွံကိုမခွဲဘဲ မည်သည်ကကြက်ဥစိမ်းဖြစ်သည် မည်သည်က ကြက်ဥပြုတ်ဖြစ်သည်ကို မည်သို့ ခွဲခြားသိရှိနိုင်ပါသနည်း။

၂။ လည်ပုံကွဲပြားမှုသည် မည်သည့်ကြက်ဥစိမ်း၊ ကြက်ဥပြုတ်တွင်မဆို အတူတူပင်ဖြစ်ပါသလော။

၃။ အဘယ်ကြောင့် ကြက်ဥအခွံကိုမခွဲဘဲ လည်ပုံကိုကြည့်၍ ကြက်ဥစိမ်းနှင့်ကြက်ဥပြုတ်ကို ခွဲခြားနိုင်သနည်း။

၄။ ကြက်ဥပြုတ်သည် အဘယ်ကြောင့် မြန်မြန်လည်သနည်း။

၅။ ကြက်ဥစိမ်းက အဘယ်ကြောင့် နှေးနှေးလည်သနည်း။

၆။ အောက်ပါဇယားကို ဖြည့်ပါ။

| | အရောင်၊ ပုံသဏ္ဍာန်၊ အလေးချိန် | လည်ပုံ | | အတွင်းပိုင်းပုံစံ |
|---|---|---|---|---|
| ကြက်ဥစိမ်း | | | | |
| ကြက်ဥပြုတ် | | | | |

DBE Box – Copyright Protected

# ၁၉။ မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း

**အောက်ဖော်ပြပါပုံကိုကြည့်၍ စာကြောင်းကိုဆက်ရေးပါ။**

၁။



ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို လက်တစ်ဖက်စီတွင် တင်ကာ နှိုင်းယှဉ်ကြည့်ရာတွင် ______________________

______________________________________________

______________________________________________

______________________________________________

၂။




ကြက်ဥ၏အတွင်းတွင် မတူညီပါ။ ကြက်ဥစိမ်း၏အတွင်းပိုင်းသည် ______________________________


______________________________________________

ကြက်ဥပြုတ်၏အတွင်းပိုင်းသည် ______________________

______________________________________________

______________________________________________

၃။



ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို ခွဲခြားမည်ဆိုပါက


______________________________________________

______________________________________________

______________________________________________

______________________________________________

၄။




ကြက်ဥစိမ်းနှင့်ကြက်ဥပြုတ်သည် လည်ပုံမတူညီပါ။
ကြက်ဥစိမ်းသည် ______________________________

______________________________________________

ကြက်ဥပြုတ်သည် ______________________________

______________________________________________

______________________________________________

DBE Box _ Copyright Protected

# သင်ခန်းစာ ၂၀ အကြောင်းအရာကို ပြည့်ပြည့်စုံစုံရေးခြင်း

**မိမိပြုလုပ်တာတွေထဲက အမှတ်ရဆုံး အဖြစ်အပျက်တစ်ခုကို အသေးစိတ် ပြောပြီး ရေးကြည့်ကြရအောင်။**

| | |
|---|---|
| ပြီးခဲ့တဲ့ အင်္ဂါနေ့က ကျောင်းမှာ အသင်းလိုက် ဘောလုံးပြိုင်ပွဲ လုပ်ခဲ့တယ်။ | **ပြုလုပ်ခဲ့တဲ့ အဖြစ်အပျက်** |
| ဗန္ဓုလအသင်းနဲ့ ကစားခဲ့တဲ့အခါမှာ တို့ကတော့ ကျန်စစ်သားအသင်းဘက်က ဂိုးသမားအနေနဲ့ ပါခဲ့တယ်။ ပွဲမစခင် သွေးပူလေ့ကျင့်ခန်းတွေလဲ လုပ်ရသေးတယ်။ ဂိုးသမားဆိုတော့ တခြားအသင်းက ကန်သွင်းလိုက်တဲ့ ဘောလုံးတွေကို မိအောင်ဖမ်းရတာပေါ့။ ဗန္ဓုလအသင်းရဲ့ ရှေ့တန်းကလဲကောင်းတော့ သူတို့ဂိုးမရအောင်အတော်လေး ကာကွယ်ရတယ်။ နောက်ဆုံးမှာတော့ တို့ကျန်စစ်သား အသင်းက ဗန္ဓုလအသင်းကို ၂ ဂိုး ၁ ဂိုး နဲ့ အနိုင်ရခဲ့တယ်။ | **အဖြစ်အပျက် အပြည့်အစုံ** |
| ဂိုးသမားလုပ်ခွင့်ရခဲ့တဲ့အတွက် တို့ သိပ်ကိုပျော်တယ်။ တို့အသင်းနိုင်တဲ့အတွက်လဲ ဂုဏ်ယူမိပါတယ်။ | **စိတ်ခံစားချက်** |

- အမှတ်ရဆုံး အကြောင်းအရာတစ်ခုကို ပထမဆုံးစဉ်းစားရမယ်နော်။
- ရေးတဲ့အခါမှာ စာပိုဒ်သုံးပိုဒ်နဲ့ ရေးရမယ်။
- ပထမစာပိုဒ်မှာ ကိုယ်လုပ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုအကြောင်း ပါရမယ်။
- ဒုတိယစာပိုဒ်မှာ ကိုယ်လုပ်ခဲ့တဲ့ အဖြစ်အပျက်အပြည့်အစုံ ပါရမယ်။
- တတိယစာပိုဒ်မှာတော့ ကိုယ်ပြုလုပ်ခဲ့တာနဲ့ပတ်သက်ပြီး ဘယ်လိုခံစားရတယ်ဆိုတာ ရေးရမယ်။


DBE Box — Copyright Protected

## ၂၀။ အကြောင်းအရာကို ပြည့်ပြည့်စုံစုံရေးခြင်း

**ကိုယ်လုပ်ခဲ့တဲ့ အကြောင်းအရာတစ်ခုကို မရေးခင် နှစ်ယောက်တစ်တွဲ ပြောကြည့်ရမယ်။ ပြောပြီးရင် စာပိုဒ်သုံးပိုဒ်နဲ့ ရေးကြည့်ကြရအောင်။**



**ကိုယ်ရေးထားတဲ့ အကြောင်းအရာလေးကို အတန်းထဲမှာ သူငယ်ချင်းတွေကို ပြောကြည့်ကြရအောင်။**





**သူငယ်ချင်းပြောသွားတဲ့ အကြောင်းအရာကိုမူတည်ပြီး မေးခွန်းမေးတတ်၊ အကြံပေးတတ်ကြတယ်နော်။**

**သူငယ်ချင်းပေးတဲ့ အကြံပေါ်မူတည်ပြီး ပြန်ရေးကြရအောင်။**

DBE Box – Copyright Protected

# သင်ခန်းစာ ၂၁ ဆရာကာပြန် အာခေါင်လှံစူး (ပုံပြင်)



လွန်လေပြီးသောအခါ လုလင်တစ်ယောက်သည် ကတ္တတ်ပေါက်တစ်ခု၌ ငါးကိုမြှောက်၍ ကစားနေသော ဗျိုင်းတစ်ကောင်ကို မြင်လေ၏။ ထိုဗျိုင်းသည် ငါးကို ကတ္တတ်ပေါက်မှစောင့်၍ နှုတ်သီးဖြင့်ဖမ်းယူကာ အထက်သို့ပစ်၏။ ငါး ပြန်ကျလာသောအခါ မြေသို့မရောက်မီ နှုတ်သီးဖြင့်ကိုက်၍ ဖမ်း၏။ ထို့နောက် ရေးနည်းတူ ကစားပြန်၏။ ဤသို့ ငါးကိုအကြိမ်ကြိမ် ပစ်မြှောက်ဖမ်းယူကစားနေသော ဗျိုင်း၏ကျွမ်းကျင်မှုကို လုလင်သည် အလွန်အားကျလေ၏။ မိမိလည်း တုတ်၊ ဓား၊ လှံ စသည်ကို ဗျိုင်းကဲ့သို့ အထက်သို့ပစ်၍ ပါးစပ်ဖြင့် ကိုက်ဖမ်းနိုင်လျှင် ကောင်းလေစွဟု တွေးမိ၏။

လုလင်သည် ဗျိုင်းကိုတွေ့ခဲ့ပြီးနောက် အိမ်သို့ရောက်သော် ဗျိုင်းကိုအတုယူကာ သစ်ချွန်များကို အထက်သို့မြှောက်တင်၍ မြေသို့မကျမီ ပါးစပ်ဖြင့်ကိုက်ဖမ်း၏။ ဤသို့ အကြိမ်ကြိမ်ပြုလုပ်လေ့ကျင့်ဖန်များသော် လုလင်သည် သစ်ချွန်တို့ကို လျှာနှင့်မျှပင် မထိအောင် ကျွမ်းကျင်စွာကိုက်၍ ဖမ်းနိုင်လာလေ၏။ ထိုအခါ အုတ်၊ ခဲ စသည်တို့နှင့်လည်းကောင်း၊

လုံ့တံကြီး ငယ်တို့နှင့်လည်းကောင်း၊ အသွားထက်စွာ သွေးထားသည့် သန်လျက်နှင့်လည်းကောင်း လေ့ကျင့်၏။ ယင်းလက်နက်တို့ကိုလည်း သစ်ချွန်များနှင့် ကစားသကဲ့သို့ ကျွမ်းကျင်စွာကိုက်၍ ဖမ်းနိုင်၏။ ဤအတတ်၌ လုလင်သည် ပြိုင်ဘက်ကင်းသူ ဖြစ်လာလေ၏။

လုလင်သည် မိမိအစွမ်းကို ရွာ၌ရှေးဦးစွာပြ၏။ ရွာသားပရိသတ်တို့လည်း များစွာ နှစ်သက်ကြ၍ ဆုလာဘ်များကို အကြိမ်ကြိမ် အထပ်ထပ် ပေးကြ၏။ လုလင်သည် ထိုရွာမှ တစ်ဆင့် တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီးတစ်မြို့သို့ သွားလာကာ မိမိအစွမ်းကိုပြ၏။ ထိုအခါ၌လည်း ပရိသတ်တို့သည် လွန်စွာနှစ်သက်ကြ၍ ဆုလာဘ်များစွာ ပေးကြ၏။

လုလင်၏အစွမ်းကို မင်းကြီးကြားသော် လုလင်ကိုခေါ်၍ မင်းရင်ပြင်၌ ကစားစေ၏။ လုလင်သည် မိမိအစွမ်းကိုပြ၏။ မင်းကြီးနှစ်သက်အားရတော်မူလှ၍ ကြေးငွေဥစ္စာ၊ ဆုလာဘ် များစွာ ချီးမြှင့်တော်မူ၏။ လုလင်အားလည်း မင်းရင်ပြင်၌ မကြာခဏ ကစားပြစေ၏။ နောင်တွင် မင်းကြီးနှင့်လုလင်တို့သည် တဖြည်းဖြည်း ခင်မင်ရင်းနှီးလာကြ၏။

တစ်နေ့တွင် မင်းကြီးက "အမောင်လုလင်၊ ဤအတတ်ပညာကို အဘယ်ဆရာ့ထံတွင် လေ့လာဆည်းပူးခဲ့သနည်း။ သင်၏ဆရာကား အဘယ်သူနည်း" ဟု မေး၏။ ထိုအခါ လုလင်သည် "ငါ၏ဆရာသည် ဗျိုင်းဖြစ်ပါသည်ဟု လျှောက်တင်မိပါက ငါသည် တိရစ္ဆာန်ဗျိုင်း၏ တပည့်ဖြစ်သည်ဟူ၍ အထင်အမြင်သေးတန်ရာ၏။ ထိုအခါ ငါ၏ဂုဏ်သိက္ခာလည်း ညှိုးနွမ်းလိမ့်မည်။ လာဘ်လာဘလည်း ဆုတ်ယုတ်လိမ့်မည်" ဟူ၍ တွေးတောစိုးရိမ်မိသဖြင့် "အရှင်မင်းကြီး၊ ကျွန်တော်မျိုး၌ ဆရာမရှိပါ" ဟု လျှောက်တင်မိလေ၏။ ထို့နောက်တွင် လုလင်သည် ရှေးနည်း အတူ လုံ့တံနှင့်ကစားသောအခါ မိအောင် မဖမ်းနိုင်တော့ဘဲ အာခေါင်ကို လုံ့တံ ဖောက်ထွင်း သွား၍ အသက်ဆုံးရှုံးရလေ၏။

**အလိမ္မာပုံပြင်များ**

**ခက်ဆစ်**

| | | | |
|---|---|---|---|
| ၁။ | လုလင် | = | ပျိုရွယ်သောယောက်ျား။ |
| ၂။ | ကာပြန် | = | ကျေးဇူးရှင်ကို ဖက်ပြိုင်ခုခံသည်။ |
| ၃။ | ကတွတ်ပေါက် | = | ကန်သင်းရိုးရှိ ရေထွက်ရန်အပေါက်။ |
| ၄။ | သန်လျက် | = | တစ်ဖက်သွား နှစ်ဖက်သွားရှိသော ဓားလက်နက်တစ်မျိုး။ |
| ၅။ | ဆုလာဘ် | = | ကြိုးပမ်းလုပ်ဆောင်မှုအတွက် ရသောဆု။ |
| ၆။ | ဂုဏ်သိက္ခာ | = | စောင့်စည်းထိန်းသိမ်းအပ်သောဂုဏ်။ |



DBE Box - Copyright Protected

## လေ့ကျင့်ခန်း

### သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ ဖျိုင်းသည် ငါးကိုကတ္တတ်ပေါက်မှစောင့်၍ နှုတ်သီးဖြင့် ဖမ်းယူကာ အထက်သို့ _____ ၏။ (ပစ်၊ ပြစ်)

၂။ လုလင်က ဖျိုင်းသည် ငါ၏ဆရာဖြစ်လျှင် ဂုဏ်သိက္ခာ _____ လိမ့်မည်ဟု တွေးမိ၏။ (ညိုးနွမ်း၊ ညှိုးနွမ်း)

၃။ ပရိသတ်တို့သည် လွန်စွာနှစ်သက်ကြ၍ _____ များစွာ ပေးကြ၏။ (ဆုလာဘ်၊ ဆုလဒ်)

### အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ကတ္တတ်ပေါက်၊ အားကျ၊ အတုယူ၊ ချီးမြှင့်၊ လေ့လာ

**သာဓက**

ကတ္တတ်ပေါက် ။ ။ ဖျိုင်းသည် ကတ္တတ်ပေါက်တစ်ခု၌ ငါးကို စောင့်၍ဖမ်းသည်။

### အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ လုလင်မြင်ခဲ့သော ဖျိုင်း၏ကျွမ်းကျင်မှုကို ဖော်ပြပါ။

၂။ လုလင်သည် ဖျိုင်းကိုအတုယူ၍မည်သို့လေ့ကျင့်သနည်း။

၃။ လုလင်သည် အဘယ်ကြောင့်ဆုလာဘ်များစွာချီးမြှင့်ခံရသနည်း။

၄။ လုလင်သည် သူ၏ဆရာမှာ ဖျိုင်းဖြစ်ကြောင်း အဘယ်ကြောင့် မပြောလိုသနည်း။

၅။ ဆရာကာပြန် အာခေါင်လှံ့စူးဆိုသည့် စကားပုံကိုမည်သည့်အခြေအနေမျိုးတွင် အသုံးပြုသနည်း။

၆။ ဆရာကာပြန် အာခေါင်လှံ့စူး ပုံပြင်သင်ကြားရခြင်းဖြင့် မည်သည့်သင်ခန်းစာကို ရရှိသနည်း။

DBE Box – Copyright Protected

# သင်ခန်းစာ ၂၂ ကျောင်းပိတ်ရက်ခရီးသည် (ကဗျာ)

**ကျောင်းပိတ်ရက်ခရီးသည်**

ကျောင်းပိတ်ရက်မှာ တို့တစ်တွေ
ခရီးထွက်စို့လေ။
ရေကြောင်းနဲ့လား ကုန်းကြောင်းလား
လေကြောင်း သွားမှာလား။
လှည်းယဉ်ကလေး ဂလုန်ဂလုန်
ချိုလုံးတေးသံစုံ။
မြင်းလှည်းလေး ခွပ်ခွပ်
အပြေး သူမရပ်။
စက်ဘီးကလေး ကလင်ကလင်
လမ်းကြို လမ်းကြားဝင်။
မော်တော်ကားကြီး ဝီးဝီး
တူပျော်ပျော် ခရီး။
သင်္ဘောကြီး တူတူ
မီးခိုး တလူလူ။
ငှက်သမွန် ကျွိကျွိ
လှိုင်းက တအိအိ။
လေယာဉ်ပျံ ဝီဝီ
ကောင်းကင်ထဲမှာမြည်။
မီးရထားကြီး ဂျုန်းဂျုန်း
လိုက်ပါရစေအုံး။

**တင်မိုး**

ပျော်စရာကောင်းတဲ့ ကျောင်းပိတ်ရက်မှာ
ဘယ်နေရာတွေကို ဘာနဲ့ ခရီးသွားကြမလဲ



DBE Box – Copyright Protected

# သင်ခန်းစာ ၂၃ သီတင်းကျွတ်မီးထွန်းပွဲတော်



သီတင်းကျွတ်လပြည့်နေ့၌ ရောင်စုံမီးပုံးများ၊ ဖယောင်းတိုင်များ၊ ဆီမီးခွက်များ ထွန်းညှိ၍ မီးထွန်းပွဲတော်ကို ဆင်နွှဲကြပါသည်။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်ရှိ မယ်တော်မိနတ်သားအား မွေးကျေးဇူးဆပ်သည့်အနေဖြင့် တရားဟော၏။ တရားဟောပြီးနောက် သီတင်းကျွတ်လပြည့်ည၌ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်တော်မူသောအခါ လူ၊ နတ်၊ ဗြဟ္မာတို့က မီးအလင်းရောင်ဖြင့် ထွန်းညှိပူဇော်ကြသည်။ ဤသို့ မီးအလင်းရောင်ဖြင့် ပူဇော်ခဲ့ကြသည်ကို ရည်စူး၍ မီးထွန်းပွဲတော်ကို ကျင်းပခြင်းဖြစ်ပါသည်။

သီတင်းကျွတ်လသည် မိုးလေကင်းလွတ်သောလဖြစ်၍ရာသီဥတု သာယာလှပါသည်။ ကျေးလက်ရှိ ရွာသူရွာသားများမှာလည်း လယ်လုပ်ငန်းများ အားလပ်ခိုက်ဖြစ်သဖြင့် သီတင်းကျွတ်ပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြပါသည်။

**မောင်မောင်က သီတင်းကျွတ်ပွဲတော်ကို ဘယ်လို ပါဝင်ဆင်နွှဲသလဲ။**

ကျွန်တော်တို့ကျောင်းတွင် သီတင်းကျွတ် ကျောင်းမပိတ်ခင်တစ်ရက်က ဆရာကန်တော့ပွဲ ကျင်းပပါသည်။

ကျောင်းအုပ်ဆရာကြီးအမှူးပြုသည့် ဆရာ၊ ဆရာမများကို ကျောင်းသား ကျောင်းသူ အားလုံးက ရိုသေလေးစားစွာ ကန်တော့ကြပါသည်။ ကန်တော့နေစဉ်ပင် ဆရာများ၏ ဂုဏ်ကျေးဇူးကို ပိုမိုသဘောပေါက် လေးစားမိလာပါသည်။ ကျောင်းအုပ်ဆရာကြီးက ဆုံးမစကားပြော၍ တပည့်များကို ကျန်းမာကြပါစေ၊ အောင်မြင်ကြပါစေဟု ဆုပေးလိုက်သောအခါ ကျွန်တော်တို့သည် ပေးသည့်ဆုနှင့် ပြည့်ပါစေဟု ဝမ်းသာစွာ ပြန်လည်ဆုတောင်းကြပါသည်။

သီတင်းကျွတ်လပြည့်နေ့နံနက်၌ လူကြီးမိဘများသည် သီလယူရန် ဘုန်းတော်ကြီး ကျောင်းသို့ သွားကြပါသည်။ ဆရာတော်ဘုရားက သီလပေး၍ တရားဓမ္မများ ဟောကြား ဆုံးမတော်မူပါသည်။

ညချမ်းတွင် ကျွန်တော်တို့သည် ဘိုးဘွားများနှင့်လူကြီးမိဘများအား လှည့်လည်ကန်တော့ ကြပါသည်။ ဘိုးဘွားများက ရေလိုအေးကြပါစေ၊ ပန်းလိုမွှေးကြပါစေ၊ လိုရာဆန္ဒ တစ်လုံးတစ်ဝ ပြည့်စုံကြပါစေဟု ဝမ်းမြောက်ကြည်နူးစွာ ဆုပေးပါသည်။ လူကြီးမိဘများအား ရိုသေလေးစား ခြင်းသည် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်ပါသည် ဟူ၍လည်း ဆုံးမကြပါသည်။ ကျွန်တော်တို့အား မုန့်ပဲသရေစာများကိုလည်း ကျွေးလိုက်ကြပါသည်။

ရပ်ကွက်ထဲတွင် ကုသိုလ်ရှင်၊ စေတနာရှင်များကလည်း မုန့်ဖက်ထုပ်နှင့် မုန့်ဆီကြော်များ ဝေငှပါသည်။ ကျွန်တော်တို့သည် မုန့်စားပြီးလျှင် အေးစေတီအနီး၌ပြုသော ဂီတစင်တင် ပွဲသို့ ဝင်ရောက်ကြည့်ရှုကြပါသည်။ မြန်မာ့ရိုးရာပွဲတော်များတွင် ပါဝင်ဆင်နွှဲရသည်မှာ အလွန်ပျော်စရာ ကောင်းလှပါသည်။

**ကလေးတို့ရော သီတင်းကျွတ်ပွဲတော်မှာဘယ်လို ပါဝင်ဆင်နွှဲကြသလဲ။**

**ခက်ဆစ်**

| | | | |
|---|---|---|---|
| ၁။ | တာဝတိံသာ | = | နတ်ပြည်ခြောက်ထပ်တွင် ဒုတိယနတ်ပြည်။ |
| ၂။ | ပူဇော် | = | ရိုသေမြတ်နိုးစွာ ဆက်ကပ်သည်။ |
| ၃။ | ရည်စူး | = | စူးစိုက်မှန်းရွယ်သည်။ |
| ၄။ | ကန်တော့ | = | လက်အုပ်ချီ၍ အရိုအသေပြုသည်။ |
| ၅။ | ကျေးဇူး | = | တစ်ဦးက အခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှု။ |



DBE Box - Copyright Protected

## လေ့ကျင့်ခန်း

### သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ ကျွန်တော်တို့သည် ______ အခါတွင် စာဖတ်ပြီးမှ အိပ်လေ့ရှိသည်။
(ညခြမ်း၊ ညချမ်း)

၂။ သီတင်းကျွတ်လပြည့်နေ့တွင် ဘိုးဘွားများနှင့်လူကြီးမိဘများကို ______ ကန်တော့ကြပါသည်။ (လှည့်လည်၊ လှည့်လယ်)

၃။ ဒေါ်ဒေါ်တို့သည် စတုဒိသာကျွေးရန်အတွက် မုန့် ______ များ လုပ်နေကြပါသည်။
(ဖက်ထုပ်၊ ဖက်ထုတ်)

### အောက်ပါ စကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ကြည့်ရှု၊ ပူဇော်၊ ဆင်နွှဲ၊ ကျေးဇူး၊ ဝေငှ

**သာဓက**

ကြည့်ရှု ။ ။ ကျွန်မတို့သည် သီတင်းကျွတ်လပြည့်နေ့ည၌ ရုပ်သေးပွဲကို သွားရောက် ကြည့်ရှုပါသည်။

### အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ သီတင်းကျွတ်လပြည့်နေ့၌ မီးထွန်းပွဲတော်ကို မည်သို့ဆင်နွှဲကြပါသနည်း။

၂။ သီတင်းကျွတ်လပြည့်နေ့ည၌ မီးထွန်းပွဲတော်ကို အဘယ်ကြောင့် ကျင်းပကြသနည်း။

၃။ သီတင်းကျွတ် မီးထွန်းပွဲတော်တွင် ကျောင်းသားလူငယ်များသည် မည်သူတို့ကို ကန်တော့ကြသနည်း။


၄။ ကန်တော့ကြသော လူငယ်များအား ဘိုးဘွားများက မည်သို့ဆုပေးကြသနည်း။

၅။ သင်တွေ့ခဲ့ဖူးသည့် သီတင်းကျွတ် မီးထွန်းပွဲတော်တစ်ခုအကြောင်းရေးပါ။

DBE Box – Copyright Protected

# သင်ခန်းစာ ၂၄ ဘာကြောင့်ကြိုက်တယ် အကြောင်းရင်းကို ပြောကြမယ်

## ကလေးတို့ အကြံဉာဏ်တွေ ပြောကြရအောင်။







- ကလေးတို့ပြောတဲ့အခါ ဘယ်ဟာက ပိုကောင်းတယ် ထင်သလဲဆိုတဲ့ အကြောင်းရင်းကို စဉ်းစားပြီး ပြောကြရအောင်။
- အကြောင်းရင်းကို ပြောတဲ့အခါ ဘာဖြစ်လို့လဲဆိုတော့ . . . ၊ . . . လို့ ဆိုတဲ့ စကားလုံးတွေကို သုံးရမယ်။

DBE Box - Copyright Protected

## အဖွဲ့လိုက် ဆွေးနွေးကြည့်ကြရအောင်။

**အဖွဲ့လိုက်ဆွေးနွေးရာတွင်**



၁။ ခေါင်းစဉ်ကို အုပ်စုက ရွေးချယ်သတ်မှတ်ပေးရမယ်။

၂။ ဘယ်ဟာကပိုကောင်းတယ်ဆိုတဲ့ အကြောင်းရင်းကို တစ်ဦးချင်းစီ စဉ်းစားပြီး မှတ်စုမှာ ရေးမှတ်ရမယ်။

၃။ အဖွဲ့ထဲက တစ်ယောက်ချင်းစီ ပြောရမယ်။ ပြောတဲ့အခါ ကိုယ်စဉ်းစားထားတဲ့ အကြောင်းရင်း ၂ ခု၊ ၃ ခု ခန့်ကို ထည့်ပြီး ရှင်းပြရမယ်။

၄။ အကြောင်းရင်း တစ်ခုထက် ပိုသွားရင် အမှတ်စဉ်တပ်ပြီး ပြောရမယ်။

သာဓက ။ ။ ပထမတစ်ခုက . . .

ဒုတိယတစ်ခုမှာ . . .

၅။ အားလုံးပြောပြီးရင် ဘယ်အကြောင်းအရာက စိတ်ဝင်စားဖို့ ကောင်းတယ်။ လက်ခံနိုင်တယ်ဆိုတာကို ဝိုင်းပြီး ဆွေးနွေးကြရမယ်။

## ကလေးတို့ အနှစ်သက်ဆုံး တစ်ခုကို ရွေးကြမယ်။

၁။ ကျောင်းကို သူငယ်ချင်းနဲ့သွားရတာ ကြိုက်သလား။ ကျောင်းကို တစ်ယောက်တည်း သွားရတာ ကြိုက်သလား။

၂။ မိုးရွာတဲ့အခါ မိုးကာအင်္ကျီဝတ်ပြီး ကျောင်းသွားရတာ ကြိုက်သလား။ ထီးဆောင်းရတာ ကြိုက်သလား။

၃။ ကျောင်းပိတ်ရက်မှာ အိမ်မှာနေရတာ ကြိုက်သလား။ ခရီးသွားရတာ ကြိုက်သလား။

၄။ ကဗျာဆိုရတာ ကြိုက်သလား။ ပုံပြင်ပြောရတာ ကြိုက်သလား။

- ဘာကြောင့်ကြိုက်တယ်ဆိုတဲ့ အကြောင်းရင်းကို ပြောနိုင်ကြရဲ့လား။
- သူငယ်ချင်း ပြောတဲ့အကြောင်းကို သေသေချာချာနားထောင်ရဲ့လား။

DBE Box – Copyright Protected

## အဖွဲ့လိုက်ဆွေးနွေးထားတာကို ပြောကြရအောင်။

ကျွန်တော်/ကျွန်မတို့အုပ်စုက ၄ ယောက်ရှိပါတယ်။ အဲဒီအထဲက ၂ ယောက်က မိုးရွာတဲ့နေ့မှာ ကစားရတာ ပိုကောင်းတယ်လို့ပြောပါတယ်။ ၂ ယောက်က နေသာတဲ့နေ့မှာ ကစားရတာ ပိုကောင်းတယ်လို့ ပြောပါတယ်။

မိုးရွာတဲ့နေ့မှာ ကစားရတာ ပိုကောင်းတယ်ဆိုတဲ့ အကြောင်းပြချက် ၃ ချက်ရှိပါတယ်။ ပထမတစ်ချက်က မိုးရွာထဲမှာ ပြေးလွှားဆော့ရလို့၊ ဒုတိယတစ်ချက်က စိတ်ကို လန်းဆန်းစေလို့၊ တတိယတစ်ချက်က သူငယ်ချင်းတွေနဲ့ ဘောလုံးကန်ရလို့ ဖြစ်ပါတယ်။

နေသာတဲ့နေ့မှာ ကစားရတာ ပိုကောင်းတယ်ဆိုတဲ့ အကြောင်းပြချက် ၃ ချက်ရှိပါတယ်။ ပထမတစ်ချက်က ရာသီဥတုသာယာလို့၊ ဒုတိယတစ်ချက်က စက်ဘီးစီးရလို့၊ တတိယတစ်ချက်က စွန်လွှတ်တမ်းကစားရလို့ ဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

DBE Box – Copyright Protected

## အဖွဲ့လိုက်ဆွေးနွေးထားတာကို နမူနာပုံစံမှာ ဖြည့်ပြီး ပြောကြရအောင်။

ကျွန်တော်/ကျွန်မတို့အုပ်စုက ______ ယောက်ရှိပါတယ်။ အဲဒီအထဲက ______ ယောက်က ______ ပိုကောင်းတယ်လို့ပြောပါတယ်။ ______ ယောက်က ______ ပိုကောင်းတယ်လို့ ပြောပါတယ်။


______ ပိုကောင်းတယ်ဆိုတဲ့ အကြောင်းပြချက် ______ ချက်ရှိပါတယ်။ ပထမတစ်ချက်က __________၊ ဒုတိယတစ်ချက်က __________၊ တတိယတစ်ချက်က ______ ဖြစ်ပါတယ်။

__________ ပိုကောင်းတယ်ဆိုတဲ့ အကြောင်းပြချက် ________ ချက်ရှိပါတယ်။ ပထမတစ်ချက်က __________၊ ဒုတိယတစ်ချက်က __________၊ တတိယတစ်ချက်က ________ ဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# သင်ခန်းစာ ၂၅ ပုဒ်ဖြတ် ပုဒ်ရပ် သင်ကြမယ်

မြန်မာစာရေးသားရာတွင် အဖြတ်အရပ်မှန်မှန် ရေးသားရွတ်ဖတ်နိုင်စေရန် ပုဒ်ကလေး၊ ပုဒ်မစသော သင်္ကေတများကို အသုံးပြု၍ ရေးရသည်။ ထိုသင်္ကေတများကို ပုဒ်ဖြတ် ပုဒ်ရပ် သင်္ကေတများဟုခေါ်သည်။






**ဝါကျတွေကိုကြည့်ပြီး ဆွေးနွေးကြရအောင်။**

အေးအေးခိုင်သည် ခရီးသွားလျှင်အသုံးပြုရန် သွားတိုက်ဆေးသွားတိုက်တံရှူဆေး ချိုချဉ်နှင့် မုန့်များကို ဝယ်လာပါသည်

အေးအေးခိုင်သည် ခရီးသွားလျှင်အသုံးပြုရန် သွားတိုက်ဆေး၊ သွားတိုက်တံ၊ ရှူဆေး၊ ချိုချဉ်နှင့် မုန့်များကို ဝယ်လာပါသည်။




DBE Box – Copyright Protected

## ပုဒ်ကလေး ဘယ်လိုထည့်သလဲ ကြည့်ကြရအောင်။

**သာဓက (၁)**

၁။ ဒေါ်ခင်မာလာသည် ဈေးသို့သွား၍ ကြက်သား၊ ငါး၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ သခွားသီးနှင့် လိမ္မော်သီးများ ဝယ်လာသည်။

၂။ မြန်မာနိုင်ငံတွင် နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု ဟူ၍ ဥတုသုံးပါး ရှိပါသည်။

**လေ့ကျင့်ကြမယ် (၁)**

၁။ ဦးဦးသည် ဈေးထဲမှ သကြားနို့မှုန့်ဘဲဥဓာတ်ခဲနှင့် ဆပ်ပြာခဲ ဝယ်လာသည်

၂။ မေမေသည် စာအုပ်ဆိုင်သို့သွား၍ ပုံပြင်စာအုပ်ကာတွန်းစာအုပ်ပုံဆွဲစာအုပ်နှင့် ဉာဏ်စမ်းစာအုပ်များကို ဝယ်လာပါသည်

၃။ မော်မော်တို့ ခြံထဲတွင် စံပယ်ပင်နှင်းဆီပင်သနပ်ခါးပင်ယုဇနပင်ဇီဇဝါပင်နှင့် သစ်ခွပင်များ ရှိပါသည်

## ပုဒ်ကလေး ဘယ်လိုထည့်မလဲဆိုတာ ဆက်ပြီးလေ့လာကြမယ်။

**သာဓက (၂)**

၁။ စာဖတ်ခြင်းသည် လူငယ်တို့အတွက် ဗဟုသုတရရန်၊ စာဖတ်မြန်ရန်၊ စာပေအရသာခံစားတတ်ရန်၊ အတုယူစရာများနှင့် ရှောင်ကြဉ်စရာများကို သိရှိထားရန်ဖြစ်သည်။

၂။ ကျွန်တော်တို့ကျောင်းတွင် ဘောလုံးကစားခြင်း၊ ဘော်လီဘောကစားခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ ထုပ်ဆီးတိုးခြင်းနှင့် ခြင်းလုံးခတ်ခြင်းစသည့် ကစားနည်းများ ကစားကြပါသည်။

**လေ့ကျင့်ကြမယ် (၂)**

၁။ ပုံပြင်ဖတ်ရန်ကဗျာဖတ်ရန်ဝတ္ထုဖတ်ရန်ဂျာနယ်ဖတ်ရန်နှင့် သတင်းစာဖတ်ရန် စာကြည့်တိုက်ထဲတွင် စာအုပ်အမျိုးအစားစုံစုံလင်လင် ရှိပါသည်

၂။ မမသည် စာဖတ်ခြင်းသီချင်းဆိုခြင်းရေကူးခြင်းနှင့်ဘော်လီဘောကစားခြင်းတို့ကို ဝါသနာပါသည်

DBE Box – Copyright Protected

**ကလေးတို့ကိုယ်တိုင်ရေးကြည့်ကြမယ်။**

၁။ နှစ်သက်သော အစားအစာ ၅ မျိုးကို ပုဒ်ကလေးသုံး၍ ရေးပါ။

၂။ ဝါသနာပါသော ကစားနည်း ၅ မျိုးကို ပုဒ်ကလေးသုံး၍ ရေးပါ။


၃။ သင်၏ သူငယ်ချင်း ၅ ဦးအမည်ကို ပုဒ်ကလေးသုံး၍ ရေးပါ။


၄။ ကျောင်းစာသင်ခန်းတွင်ရှိသော ပစ္စည်း ၅ မျိုးကို ပုဒ်ကလေးသုံး၍ ရေးပါ။




DBE Box — Copyright Protected

# သင်ခန်းစာ ၂၆ ကိုယ်တိုင်ပုံပြောကြရအောင်







မနက်ခင်းတစ်ခုမှာ ကိုရွှေကြက်နဲ့ ဖားကလေးမျက်ပြူး ရေကန်ဘေးမှာ တွေ့ခဲ့ကြတယ်...




DRE BOX – Copyright Protected

**ပုံပြင်ကိုစဉ်းစားရာမှာ ဇယားပေါ်အခြေခံပြီး စဉ်းစားကြရအောင်။**

| | မိမိစဉ်းစားထားသောပုံပြင် |
|---|---|
| အချိန် | မနက်ခင်း |
| နေရာ | ရေကန်ဘေး |
| ဇာတ်ဆောင် | ဖားကလေးမျက်ပြူး၊ ကိုရွှေကြက် |
| အဖြစ်အပျက် | |
| အဆုံးသတ် | |

ပုံပြင်တစ်ပုဒ်ကို ဖန်တီးရေးနိုင်ခဲ့ကြရဲ့လား။

DBE Box – Copyright Protected

## ပုံပြင်တစ်ပုဒ်ဖန်တီးရေးကြရအောင်။

**ကိုယ်ရေးထားတဲ့ ပုံပြင်လေးကို သူငယ်ချင်းနဲ့အတူတူ ပြောကြည့်ကြရအောင်။**




DBE Box – Copyright Protected

# သင်ခန်းစာ ၂၇ စကားထာ


**အချင်းချင်းပြောပြီး အဖြေရှာကြည့်ကြရအောင်။**

၁။ နွားကိုရိုက်သော်ငြား
သစ်သားကအသံထွက်။


၂။ လိုဏ်ဂူထဲမှာ စပါးပြာ။

၃။ မည်းတူနှစ်ဖွဲ့
ညအခါ အတူဖက်
နေ့ဘက်မှာ တိုက်ခိုက်။

၄။ တုတ်ချောင်းလှုလှု
မကောက်ရ။









DBE Box – Copyright Protected

၅။ အသားကိုစားလို
အသီးကို ရှိခိုး။


၆။ အမြီးဝါဝါ လှသန္တာ
အလှမျိုးစုံ ခေါင်းမြီးခြုံ
နာရီသိတတ် ယောကျ်ားမြတ်။


၇။ ပလိုင်းလွယ်လျက်
သစ်ပင်ပေါ်တက်။

၈။ အခွံမှာ ငွေရောင်
အနှစ်မှာ ရွှေရောင်။









ဘာကြောင့် ဒီအဖြေရတာလဲ
ဖြေကြည့်ကြရအောင်




DBE Book _ Copyright Protected

# သင်ခန်းစာ ၂၈ ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ

**ဆယ့်နှစ်လရာသီအလိုက်ပွင့်တဲ့ ပန်းကလေးတွေအကြောင်း ဖတ်ကြရအောင်။**

မြန်မာစကားတွင် "ရာသီမသိ ပန်းနှင့်ညှိ" ဟူသော ဆိုရိုးစကားရှိသည်။ အခါရာသီအလိုက် ပွင့်သောပန်းတို့ကို ကြည့်ပြီး မည်သည့်လ၊ မည်သည့်ရာသီရောက်ပြီကို ခန့်မှန်းတွက်ဆနိုင်ပြီဟု ဆိုလိုခြင်းဖြစ်သည်။ ရာသီအလိုက်ပွင့်သောပန်းများသည် မည်သို့ ကွဲပြားခြားနားကြသနည်း။





မြန်မာနှစ်ဦးတန်ခူးလ၏ရာသီပန်းဖြစ်သော ကံ့ကော်ပန်းတို့သည် အဖြူရောင်ပွင့်ချပ် လေးခုတို့အလယ်၌ ရွှေဝါရောင်ဝတ်ဆံတို့ဖြင့် လှပစွာပွင့်လန်းလာကြသည်။ ကံ့ကော်ပန်းနှင့်အတူ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ပိတောက်ပန်းဝါဝါတို့ကလည်း ဝေဝေဆာဆာဖြင့် ဖူးပွင့်လာကြပေသည်။ မြန်မာ နှစ်သစ်ချိန်ခါတွင် ကံ့ကော်ပန်းနှင့် ပိတောက်ပန်းရနံ့ တို့က မွှေးပျံ့လျက်ရှိနေသည်။



ကဆုန်လ၏ရာသီပန်းမှာ စံကားဝါပန်းဖြစ်သည်။ ကဆုန်လသို့ ရောက်သည်နှင့် ရွှေဝါရောင် စံကားဝါပန်းတို့ လှိုင်လှိုင်ပွင့်ကြသည်။ စံကားဝါပန်း၏ပွင့်ဖတ်တို့မှာ နူးညံ့လှပေသည်။ ပုပ္ပားဒေသသည် စံကားဝါပန်းများ ပွင့်ရာမြေဖြစ်သောကြောင့် စံကားဝါမြေဟုပင် တင်စားခေါ်ဝေါ်သည်။



နွေအကုန်မိုးအစကာလ နယုန်လတွင် စံပယ်ပန်းများ လှိုင်လှိုင်ပွင့်သောကြောင့် စံပယ်ပန်းကို နယုန်လ၏ ရာသီပန်းဟု သတ်မှတ်ကြသည်။ အစိမ်းရောင်ချုံနွယ် ပင်ပေါ်တွင် ပွင့်နေသော ဖြူဖြူဖွေးဖွေး စံပယ်ပန်း ကလေးများ၏ရနံ့သည် ဝန်းကျင်တစ်ခွင်သို့ သင်းပျံ့ မွှေးလျက်ရှိသည်။

DBE Copyright Protected





ဝါဆိုလတွင် မြတ်လေးပန်း၊ ပုန်းညက်ပန်းတို့ ပွင့်ကြသည်။ မြတ်လေးပန်းသည် ဝါဆိုလ၏ရာသီပန်းဖြစ်သည်။ ချုံနွယ်ပင်ဖြစ်သည့် မြတ်လေးပန်းသည် စံပယ်ပန်းပွင့်နှင့် အပွင့်ပုံသဏ္ဌာန်အားဖြင့်တူသည်။ ရှေးယခင်ကပင် မြတ်လေးပန်းကို ပန်းတကာတို့တွင် အမွှေးဆုံးပန်းဟု သတ်မှတ်ခဲ့ကြသည်။ အဖြူရောင်၊ အနီရောင်၊ အဝါရောင် သုံးမျိုး ရှိသည်။



ဝါခေါင်လ၏ရာသီပန်းမှာ ခတ္တာပန်းဖြစ်သည်။ ခတ္တာပန်း၏အသွင်မှာ ရှည်သွယ်သွယ် အဖြူရောင်ပွင့်ဖတ်တို့ဖြင့် ဖြာဝေကာ တင့်တယ်စွာပွင့်ကြသည်။ အပွင့်ပုံစံကွဲသော ခတ္တာပန်းရောင်စုံများလည်းရှိသည်။



တော်သလင်းလတွင် စိမ်းဝါရောင် ရင်းမာပန်းတို့ အဆုပ်လိုက်ပွင့်ကြသည်။ အပင်၏ အကိုင်း အခက် အလက်တို့တွင် ကပ်၍ ပွင့်လေ့ရှိပုံမှာ ထူးခြားလှသည်။ ရင်းမာပန်းကို တော်သလင်းလ၏ရာသီပန်းဟု သတ်မှတ်ထားကြသည်။



ဝါလကင်းလွတ် သီတင်းကျွတ်လတွင် ကြာပန်းများ ဖူးပွင့်ကြသောကြောင့် ကြာပန်းကို သီတင်းကျွတ်လ၏ ရာသီပန်းအဖြစ် သတ်မှတ်ကြခြင်းဖြစ်သည်။ ထိုကာလတွင် လယ်ကွင်း၊ ချောင်း၊ ကန်တို့တွင် ကြာမျိုးစုံ ဖူးပွင့် အလှဆင်ကြပါသည်။



တန်ဆောင်မုန်းလ၏ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ တန်ဆောင်မုန်းလရောက်လျှင် ခဝဲပန်း ဝါဝါလေးများ ပွင့်လန်းလာကြသည်။ နွယ်ပင်ဖြစ်ပြီး အရွက်စိမ်းများနှင့် လိုက်ဖက်တင့်တယ်စွာ ပွင့်လေ့ရှိသည်။

DBE EBS – Copyright Protected

# ၂၈။ ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ



ဆောင်းလရာသီတွင်ပါဝင်သော နတ်တော်လ၏ ရာသီပန်းကို သဇင်ပန်းဟု သတ်မှတ်ကြသည်။ ရိုးတံရှည်တွင် အပွင့်ဖြူဖြူသေးသေးကလေးများ အစီအရီသွယ်တန်းကာ ပွင့်နေသည့်ပုံသဏ္ဍာန်မှာ နွဲ့နွဲ့နောင်းနောင်းရှိလှသည်။



ပြာသိုလ၏ရာသီပန်းမှာ ခွာညိုပန်းဖြစ်သည်။ ပြာသိုလ ရောက်လျှင် အညိုရင့်ရောင်ပွင့်ချပ်တို့ အလယ်တွင် ဖြူဖွေးသော ဝတ်ဆံတိုင်များပါသည့် ခွာညိုပန်းများက လှပသည့် အဖူးအငုံများနှင့်အတူ ဖူးပွင့်လာကြပါသည်။ ခွာညိုပန်း၏ ရနံ့မှာလည်း သင်းပျံ့ပျံ့ရနံ့ဖြစ်သည်။



တပို့တွဲလ၏ရာသီပန်းကို ပေါက်ပန်းနှင့် လဲပန်းဟု သတ်မှတ်ထားကြသည်။ လဲဆိုသည်မှာ လက်ပံပင်ကို ဆိုလိုခြင်းဖြစ်သည်။ ရဲရဲနီနေသော ပေါက်ပန်း၊ လဲပန်းကလေးများသည် အရွက်စိမ်းများကြားတွင် လှပစွာ ပွင့်လန်းလာကြသည်။





ဆောင်းအကုန်နွေအကူး အပူရှိန်အလွန်ပြင်းသော ကာလဖြစ်သည့် တပေါင်းလ၏ရာသီပန်းသည် သရဖီပန်း ဖြစ်သည်။ ဝတ်ဆံဝါဝါ ပွင့်ချပ်ဖြူဖြူနှင့် မွှေးပျံ့သည့် သရဖီပန်းများသည် အပင်၏အကိုင်းအခက်တွင် ယှက်ကာ ပွင့်တတ်ပုံမှာ ထူးခြားလှပါသည်။ မွှေးပျံ့သော သရဖီပန်းရနံ့က ရင်ကိုအေးမြစေပါသည်။

DRF Box - Copyright Protected

ထို့ကြောင့် ဆယ့်နှစ်လရာသီပန်းများအကြောင်းကို ကင်းဝန်မင်းကြီးက

"ပန်းကံ့ကော် ရွှေစံကား
ငွေသားနု စံပယ်မှန်။
မြတ်လေး ခတ္တာနှင့်
ရွှေရင်းမာ ကြာခဝဲ
ဖွဲ့စနှင်းလျှံ။
သဇင်ကျန်၊ ခွာတံ ပေါက်လဲ။
ပွင့်ဝတ်ကယ် ရွှေဖီမင်း
သင်းထုံနံ့ကဲ"ဟူ၍
စာဖွဲ့ခဲ့ပါသည်။



မြန်မာ့ရေမြေတောတောင် သဘာဝနှင့်အညီ ရာသီအလိုက်ဖူးပွင့်ကြသည့်ပန်းများသည် မတူညီကြသော်လည်း ဆယ့်နှစ်လရာသီပတ်လုံးမပြတ်အောင် အရောင်အသွေးစုံလင်စွာ ဖူးပွင့်ကာအလှဆင်ကြပါသည်။ ရာသီအလိုက်ပွင့်သောပန်းများသည် ပွင့်သည့် အချိန် ရာသီအလိုက် ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ အနံ့ အမျိုးမျိုးကွဲပြားခြားနားကြောင်း သိရှိရပါသည်။ ထို့ကြောင့် သဘာဝတရား၏ အလှတရားများကို လူသားတိုင်း တန်ဖိုးထားမြတ်နိုးတတ်ရန် လိုအပ်လှပါသည်။

**ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီမှာပါတဲ့ အကြောင်းအရာ၊ ဓာတ်ပုံတွေကိုကြည့်ပြီး အနှစ်ချုပ်ရေးကြရအောင်။**

| လအမည် | ရာသီအလိုက်ပွင့်သောပန်း | အရောင်၊ ပုံသဏ္ဌာန် (ထူးခြားချက်) |
|---|---|---|
| တန်ခူး | ကံ့ကော်ပန်း | အဖြူရောင်ပွင့်ချပ် ၄ ခုနဲ့ ရွှေဝါရောင်ဝတ်ဆံလေးတွေရှိတယ်။ |
| ကဆုန် | | |
| နယုန် | | |



DBE Box – Copyright Protected

## လေ့ကျင့်ခန်း

### သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ နှင်းဆီပန်း၏ ______ တို့မှာ နူးညံ့လှပေသည်။ (ပွင့်ဖတ်၊ ပွင့်ဖက်)

၂။ မနေ့က မိုးရွာထား၍ မြေသင်းရနံ့များ ______ နေသည်။ (သင်းပျံ့၊ သင်းပြန့်)

၃။ ပန်းပွင့်များ၏ အရောင်အဆင်း ______သည် တစ်ခုနှင့် တစ်ခု ကွဲပြားခြားနားကြသည်။ (ပုံသဏ္ဌာန်၊ ပုံသဏ္ဍာန်)

### အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ဝေဝေဆာဆာ၊ ဖြူဖြူဖွေးဖွေး၊ အစီအရီ၊ နွဲ့နွဲ့နှောင်းနှောင်း၊ ရဲရဲနီ

**သာဓက**

ဝေဝေဆာဆာ။ ။ ခြံထဲတွင် စံပယ်ပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသည်။

### အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ဆယ့်နှစ်လရာသီဘွဲ့ကဗျာပါ ရာသီအလိုက်ပွင့်သော ပန်းအမည်များကို ဖော်ပြပါ။

၂။ "ရာသီမသိပန်းနှင့်ညီ"ဟူသော ဆိုရိုးစကား၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

၃။ ဆယ့်နှစ်လရာသီအလိုက်ပွင့်သောပန်းများအနက် အကြိုက်နှစ်သက်ဆုံးပန်း၏ အမည်ကိုဖော်ပြ၍ အဘယ်ကြောင့် နှစ်သက်ရသည်ကို ရေးပါ။

၄။ သင်တို့နေထိုင်ရာ အရပ်ဒေသအလိုက် ထင်ရှားသော ပန်းအမည်များကို ဖော်ပြပါ။

DBE Box - Copyright Protected

# သင်ခန်းစာ ၂၉ ပေးစာ




## အလည်လာဖို့ ခေါ်တဲ့စာ ရေးကြရအောင်။




နောင်နောင်က သူငယ်ချင်း ထွန်းထွန်းကို သူ့ဆီအလည်လာဖို့ စာပို့လိုက်တယ်။ စာအိတ်မှာ သူငယ်ချင်းရဲ့ နေရပ်လိပ်စာ ရေးထားတယ်

**စာအိတ်တွင်ရေးသားပုံ**




စာလက်ခံမည့်သူ အမည် လိပ်စာကို စာအိတ်အလယ်တွင် သိသာထင်ရှားစွာ ရေးရမည်။




ပေးပို့သူ အမည် လိပ်စာကို သိသာထင်ရှားစွာ ရေးရမည်။

DBE Box - Copyright Protected

**နောင်နောင်က သူ့ဒေသရဲ့ ပျော်စရာကောင်းပုံအကြောင်း ရေးထားတဲ့ စာကို ဖတ်ကြည့်ကြရအောင်။**

| စာ | အပိုင်း |
|---|---|
| ၁၄၊ ၇၊ ၂၀၂၀ | **၁။ ရေးသားသည့်ရက်စွဲ** |
| သူငယ်ချင်းထွန်းထွန်းရေ | **၂။ လက်ခံမည့်သူအမည်** |
| နေကောင်းရဲ့လား သတိရလို့ ငါစာရေးလိုက်ပါတယ်။ | **၃။ နှုတ်ခွန်းဆက်စကား** |
| လာမဲ့နွေရာသီ ကျောင်းပိတ်ရက်မှာ ငါတို့ရှမ်းပြည်နယ် အင်းလေးဒေသက မိုင်းသောက်ရွာကိုလာလည်ဖို့ ဖိတ်ခေါ်ချင်တာပါ။ တို့ဒေသမှာရှိတဲ့ ဖောင်တော်ဦးဘုရား၊ အင်းလေးခေါင်တိုင်၊ ရက်ကန်းရုံနဲ့ လှေလှော်ရာကောင်းတဲ့နေရာတွေကို ငါလိုက်ပို့ပေးမယ်လေ။<br>တို့အင်းသားတွေရဲ့ ခြေထောက်နဲ့ လှေလှော်တာကို မင်း မြင်တွေ့ရမှာပေါ့။ ဒါ့အပြင် ရေပေါ်မှာ ဆောက်ထားတဲ့ အိမ်တွေရယ်၊ ကျွန်းမျောစိုက်ခင်းတွေရယ် မင်းတွေ့ရတဲ့အခါ သိပ်ကို အံ့ဩသွားမယ်။<br>တို့ဆီကို လာဖြစ်အောင်လာခဲ့ပါကွာ။ မင်းအတွက် ဗဟုသုတ ရစရာ၊ ဓာတ်ပုံမှတ်တမ်း ရိုက်စရာတွေ အများကြီးရမှာပါ။ | **၄။ အကြောင်းအရာ**<br>* မိမိဒေသအမည်<br>* ထူးခြားတဲ့ အကြောင်းအရာ<br>* ပျော်စရာကောင်းပုံ |
| ငါ့ဆီစာပြန်ပါအုံး။ | **၅။ နှုတ်ဆက်စကား** |
| မင်းရဲ့သူငယ်ချင်း<br>နောင်နောင် | **၆။ ရေးသားသူအမည်** |

DBE Box – Copyright Protected

- အလည်လာဖို့ ခေါ်တဲ့စာရေးတဲ့အခါ ၁ က ၆ အထိ အချက်တွေပါအောင် ရေးကြရမယ်နော်။

## ၂၉။ ပေးစာ

### သူငယ်ချင်းထံ ပေးစာပို့ဖို့ လိပ်စာရေးကြရအောင်။






DBE Box — Copyright Protected

**ပေးထားတဲ့ နမူနာစာကို ကြည့်ပြီး သူငယ်ချင်းထံ ပေးစာရေးကြရအောင်။**

- ပေးစာတွေရေးတဲ့အခါ-
  - သူငယ်ချင်း၊ ဆွေမျိုး၊ မောင်နှမတွေဆီကိုလဲ ပေးစာရေးလို့ရတယ်။
  - ရေးတဲ့အခါ မှတ်စုစာအုပ်ထဲမှာ အရင်ရေးကြည့်ကြမယ်။
  - ပြီးမှ အချောကူးရေးမယ်။
  - သူငယ်ချင်းအချင်းချင်း ဖတ်ကြည့်ကြမယ်။

**ကိုယ်ရေးထားတဲ့စာကို သူငယ်ချင်းနဲ့ အပြန်အလှန်ပြောကြည့်ကြမယ်။**




- လက်ရေးလှလှ ရေးထားသလား။
- စာလုံးပေါင်းသတ်ပုံ မှန်ရဲ့လား။
- စာလက်ခံမဲ့သူရဲ့ အမည်၊ လိပ်စာ၊ မိမိအမည်၊ လိပ်စာ မှန်မှန်ကန်ကန်ရေးသားထား သလား။

DBE Box - Copyright Protected

# သင်ခန်းစာ ၃၀ စကားပုံများ

**ရုပ်ပုံကလေးတွေကြည့်ပြီး စကားပုံပြောကြမယ်။**

၁။ လမင်းကြီးသာနေတဲ့အချိန်မှာ မိန်းမပျိုလေး ဘာလုပ်နေသလဲ။



**လသာတုန်းဗိုင်းငင့်**

ဆိုလိုရင်း - အခြေအနေပေးလာသည့်အခါတွင် အခွင့်ကောင်းယူ၍ အလုပ်လုပ်ကြရပုံကို ဆိုလိုရင်း ဖြစ်သည်။

ခိုင်းနှိုင်းပုံ - ရှေးအခါ လျှပ်စစ်မီးမရှိသေးခင်က ညဘက်အလုပ်လုပ်လိုလျှင် ထိန်ထိန်သာသည့် လရောင်ကို အားကိုး၍လုပ်ရသည်။ လမင်းကြီးသည်အမြဲတမ်း ထိန်ထိန်မသာနိုင်ချေ။ ထို့ကြောင့်လသာတုန်းကို မိမိလုပ်လိုသော ဗိုင်းငင့်သည့် အလုပ်ကို လသာချိန်တွင် လုပ်ရကြောင်း ခိုင်းနှိုင်းဖော်ပြသည်။

ဘယ်လိုနေရာမျိုးမှာ ဒီလိုစကားပုံလေးကို အသုံးပြုကြသလဲ။



လသာတုန်းဗိုင်းငင့်ဆိုသလို ကျောင်းသူလေး အေးမိုးဟာ အချိန်ကို အကျိုးရှိရှိနဲ့ အသုံးချခဲ့တဲ့အတွက် စာမေးပွဲကို အခက်အခဲမရှိ အောင်မြင်ခဲ့တယ်။ ဒါကြောင့် အခွင့်အခါကောင်းကြုံနေချိန်မှာ အချိန်ကို အကျိုးရှိရှိ အသုံးချတတ်တာကို ပြောချင်ရင် ဒီစကားပုံကို သုံးလို့ရတယ်

DRE Box_Copyright protected

၂။ သစ်ပင်တစ်ပင်မှာ ငှက်တွေအများကြီးဘာလို့နားနေနိုင်တာလဲ။



**သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရ**

ဆိုလိုရင်း - ဥစ္စာစီးပွား၊ရာထူးဂုဏ်သိန် ပြည့်စုံသူကို အများတကာ အမှီအခိုပြု၍ အားထားနိုင်ကြောင်း ဆိုလိုရင်းဖြစ်သည်။

ခိုင်းနှိုင်းပုံ - အရိပ်အာဝါသနှင့်ပြည့်စုံသော သစ်ပင်ကို ငှက်များ လာရောက်နားခို နေနိုင်ပုံနှင့် ခိုင်းနှိုင်းဖော်ပြသည်။

ဘယ်လိုနေရာမျိုးမှာ ဒီလိုစကားပုံလေးကို အသုံးပြုကြသလဲ။



သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရဆိုသလို ဦးလေးတို့မိသားစု မြို့ပေါ်တက်ပြီးစီးပွားရှာတော့ ကြီးပွားသွားတဲ့အခါမှာ နယ်မှာရှိတဲ့ အမျိုးအဆွေတွေက ဦးလေးရဲ့ အကူအညီအထောက်အပံ့တွေကို ရကြတယ်။ ဒါကြောင့် ကြီးပွားချမ်းသာလာရင် အများအတွက်လဲ မှီခို အားထားနိုင်တယ်ဆိုတာကို ပြောချင်ရင် ဒီစကားပုံကိုသုံးလို့ရတယ်

DRE Box – Copy Protected

၃။ လမ်းသွားနေရင်း ဘာဖြစ်သွားသလဲ။




**ခလုတ်ထိမှ အမိတ**

ဆိုလိုရင်း - ဒုက္ခဆင်းရဲနှင့် အမှန်တကယ်ကြုံတွေ့ရသောအခါ မိခင်ကို တမ်းတ မိတတ်သည့်အကြောင်း ဆိုလိုခြင်းဖြစ်သည်။

ခိုင်းနှိုင်းပုံ - ခလုတ်ထိမှ အမိတတတ်ပုံဖြင့် ခိုင်းနှိုင်း ဖော်ပြသည်။



မေမေက သမီးရေ မေမေလှီးထားတဲ့ သရက်သီးတွေပဲစားနော်လို့ မှာခဲ့တယ်။ သရက်သီးတွေချိုလွန်းတော့ လှီးထားတဲ့သရက်သီးကို စားရတာနဲ့ အားမရဘူး။ ဒါနဲ့ မလှီးရသေးတဲ့ သရက်သီးကို ယူပြီး ဓားနဲ့လှီးလိုက်တာ လက်ကို ဓားထိသွားတယ်။ အား. . . မေမေရေ နာလိုက်တာ သွေးတွေထွက်လာပြီ။ မေမေ့စကား နားမထောင်မိတော့ လက်မှာ ဒဏ်ရာရသွားပြီဆိုပြီး အော်ငိုမိတော့တယ်။ ခလုတ်ထိမှ အမိတ မိတော့တာပါပဲ

တခြားဘယ်လိုနေရာမျိုးတွေမှာ ဒီလိုစကားပုံမျိုးကို အသုံးပြုကြသလဲ။



DBE Box – Copyright Protected

၄။ လယ်သမားကြီး လယ်ထဲကို ဘယ်လိုသွားနေသလဲ။



**လယ်ထွန်သွားနွားမေ့**

ဆိုလိုရင်း - အလုပ်ကိစ္စတစ်ရပ် ဆောင်ရွက်ရန်သွားရာတွင် ယင်းအလုပ်အတွက် မရှိမဖြစ် လိုအပ်သည့်အရာ မေ့လျော့နေခဲ့ခြင်းကို ဆိုလိုသည်။

ခိုင်းနှိုင်းပုံ - လယ်ထွန်သွားရာတွင် နွားမေ့ကျန်ခဲ့ပုံဖြင့် ခိုင်းနှိုင်းဖော်ပြသည်။



ဒီနေ့ မေဇင် အိပ်ရာထနောက်ကျခဲ့တယ်။ ကျောင်းမှာ အသင်းတာဝန်ကျတော့ အပြေးအလွှားသွားခဲ့တယ်။ စာသင်ချိန်ရောက်လို့ လွယ်အိတ်ကို ဖွင့်ကြည့်လိုက်မှ ကွန်ပါဘူး ပါမလာတာ သိရတယ်။ အဲဒီအခါမှ တွေးမိတယ် မနေ့ညက အိမ်စာလုပ်ရင်း မေ့ကျန်ခဲ့တာပဲ။ "ဒုက္ခပါပဲ သူငယ်ချင်းရေ ခဲတံငှားပါအုံး"လို့ ပြောပြီး အကူအညီတောင်းရတယ်။ လယ်ထွန်သွားရင်း နွားမေ့သလိုပဲ။ အရေးကြီးတဲ့အရာ မေ့ကျန်ခဲ့တယ်

တခြားဘယ်လိုနေရာမျိုးတွေမှာ ဒီလိုစကားပုံမျိုးကို အသုံးပြုကြသလဲ။

# သင်ခန်းစာ ၃၁ သုံးပွင့်တစ်ခိုင် (ပြဇာတ်)

## ပါဝင်သူများ



| ဦးမြတ်ကျော် | ဒေါ်ခင်မိုးပွင့် | ဒေါ်ခတ္တာ | သူသူမွန် |
| --- | --- | --- | --- |
| အငြိမ်းစားကျောင်းအုပ်ကြီး | ဦးမြတ်ကျော်၏သမီး | မူလတန်းပြဆရာမ | ဒေါ်ခင်မိုးပွင့်၏သမီး စတုတ္ထတန်းကျောင်းသူ |

## ဇာတ်စင်



## ကားလိပ်ဖွင့်

**ဒေါ်ခတ္တာ** ဆရာကြီး ရှိပါသလားရှင့်။
(အိမ်ဝင်းတံခါးမှ လှမ်း၍ခေါ်စေ)

**ဒေါ်ခင်မိုးပွင့်** သြော် - ဆရာမပါလား။ ဆရာကြီး ရှိပါတယ်ရှင့်၊ ဝင်ခဲ့ပါ။
ဟဲ့ သမီး မွန်မွန်။ သမီးရဲ့ဆရာမ လာနေတယ်။

**သူသူမွန်** (ပြေးလွှားရင်း) တီချယ်က သမီးတို့အိမ် လာတယ်နော်။
သမီးကို ဘာပြောချင်လို့လဲ။



DEEBox — Copyright Protected

**ဒေါ်ခတ္တာ** သမီးဘိုးဘိုး ဦးမြတ်ကျော်ဆီ လာတာပါ။
ကန်တော့ရင်းနဲ့ စာမေးချင်လို့ပေါ့။

**သူသူမွန်** တီချယ်က ဘိုးဘိုးဆီမှာ စာမေးချင်လို့၊ ဟုတ်လား တီချယ်။
(သူသူမွန်က အံ့သြဟန်ပြုနေမည်။)

**ဦးမြတ်ကျော်** ဟဲ့ ခတ္တာ၊ အထဲကို ဝင်ခဲ့လေ။ ကုလားထိုင်ပေါ် ထိုင်ဟဲ့။
ကိစ္စများရှိလို့လား။

**ဒေါ်ခတ္တာ** မရောက်တာလဲကြာ၊ ဆရာ့ကိုလဲ ကန်တော့ချင်၊
စာမေးချင်တာလဲ ပါပါတယ် ဆရာကြီး။
(ဆရာမ၊ ဒေါ်ခင်မိုးပွင့်တို့ ဝင်ထိုင်ကြမည်။
သူသူမွန်က ရှောင်ဖယ်ဖယ် လုပ်နေမည်။)

**ဒေါ်ခင်မိုးပွင့်** သမီးလေး... သမီးလဲ လာလေ။ သမီးဆရာမကို
ညှော်ခံရမယ်လေ။
(သူသူမွန်က စိတ်မပါဟန်ဖြင့်လာရင်း မိခင် ဒေါ်ခင်မိုးပွင့်ကို မှီနေစေ။)

**ဒေါ်ခတ္တာ** ကဲ...ပထမဆုံး ဆရာကြီးကို ကျွန်မကန်တော့ပါရစေ။
(ဒေါ်ခတ္တာက ဖယောင်းတိုင်ထုပ်နှင့်မုန့်ထုပ်ကို ဆရာကြီးရှေ့ ချရင်း
လက်အုပ်ချီ ကန်တော့မည်။)

**ဦးမြတ်ကျော်** ကန်တော့ရတဲ့ အကျိုးအတွက် ကျန်းမာ ချမ်းသာပါစေ၊
လိုရာဆန္ဒပြည့်ဝပါစေ။ ကဲ... ခတ္တာရေ၊ တွေ့ရတုန်း
ဆုံးမရအုံးမယ်။

**ဒေါ်ခတ္တာ** ဟုတ်ကဲ့ပါ ဆရာကြီး။ ဆရာကြီးကိုလဲ စာမေးပါရစေရှင့်။

**ဦးမြတ်ကျော်** အေး။ ခတ္တာက ငါ့မြေးမလေး တတိယတန်းတုန်းကလဲ
စာသင်ပေးရတယ်ဆို။ လယ်စောင့်တဲလေး ကဗျာကို သင်တဲ့အခါ
**လယ်စောင့်တဲလေး ခြေတံရှေ မိုးကုပ်အောက်မှာနေ** လို့သင်တယ်ဆို။

**ဒေါ်ခတ္တာ** ဒီလိုပါ ဆရာကြီး၊ ကဗျာကို ရွတ်တဲ့အခါ ကလေးတွေ နားလည်
လွယ်အောင် **ခြေတံရှေလို့၊ အောက်မှာနေ**လို့ ရွတ်ခိုင်းတာပါ။



DBE Box - Copyright Protected

**ဦးမြတ်ကျော်** — မဟုတ်ဘူးကွဲ့။ ကဗျာဆိုတာက အသံသာအောင်လို့ကာရန်နဲ့ ချိတ်ထားတာ၊ ရွတ်ရာမှာလဲ ကာရန်အတိုင်း ရွတ်ရမယ်။ ဒီကဗျာမှာ **ခြေတံ ရှည်**၊ **အောက်မှာ တည်**တို့နဲ့ အသံညီအောင် ကြာနီဆိုတာ ပါသေးတယ်၊ ပါတဲ့အတိုင်း ရွတ်ခိုင်းရမယ်။ အဓိပ္ပာယ် ရှင်းပြရာမှာတော့ နားလည်လွယ်မဲ့ စကားလုံးနဲ့ ရှင်းပြပေါ့ကွဲ့။ ဟုတ်လား။

**သူသူမွန်** — (အသံတိုးတိုးဖြင့်) မေမေ ဘိုးဘိုးက ဆရာလဲ မဟုတ်ဘဲနဲ့ တီချယ်ကို ဘာလို့ သင်နေရတာလဲ။

**ဒေါ်ခင်မိုးပွင့်** — သင်တတ်လို့ သင်တာပေါ့ သမီးရဲ့။

**ဦးမြတ်ကျော်** — သင်ခန်းစာတွေကို ကြိုတင်ပြင်ဆင်ထား၊ မမှားအောင်လဲ ဂရုစိုက်။ မှားရင်တော့ ငယ်ငယ်တုန်းကလို ခတ္တာကို ဆူရမှာပဲ။

**ဒေါ်ခတ္တာ** — ဟုတ်ကဲ့ပါ ဆရာကြီး။

**သူသူမွန်** — တီချယ်ကို ဘိုးဘိုးကဆူရင် တီချယ်သနားပါတယ် မေမေ။

**ဒေါ်ခင်မိုးပွင့်** — ဆရာက တပည့်ကို လိမ္မာအောင် ဆုံးမတာ ဝမ်းသာရမှာပေါ့ သမီးရဲ့။

**သူသူမွန်** — ဘိုးဘိုးက တီချယ်ထက် တတ်ရော တတ်လို့လား။ (တိုးတိုးပြော)

**ဒေါ်ခတ္တာ** — (ဆရာမက သူသူမွန်ကို ကြည့်ရင်း) သူသူမွန် သမီးလေး။ ဘိုးဘိုးက တီချယ်ထက် ပိုတတ်တယ်ကွဲ့။ သမီးလေးလဲ ဘိုးဘိုး သင်ပြတာတွေကို မှတ်ထားရမယ်။ မှတ်ထားပြီး တီချယ်ကိုလဲ ပြန်ပြောရမယ်နော်။

**ဦးမြတ်ကျော်** — ငါ့မြေးရော ခတ္တာရော တီချယ်လို့ မပြောဘဲ မြန်မာဆန်ဆန် ဆရာမလို့ ပြောကြပါလား. . . ကဲ. . .မြေးလေး သူသူမွန်။ ဆရာမ မှာတာတွေ မှတ်ထားရမယ်နော်။

DBE Box – Copyright Protected

**သူသူမွန်** ဟုတ်ကဲ့ပါ။ တီချယ်မှာတာ အဲလေ…ဆရာမ မှာတာကို မှတ်ထားပါ့မယ် ဘိုးဘိုး။

**ဒေါ်ခင်မိုးပွင့်** ကဲ လာသမီး။ ဆရာမဖို့ ကော်ဖီဖျော်ကြစို့။
(ဒေါ်ခင်မိုးပွင့်က သူသူမွန်ကို အိမ်ထဲခေါ်သွားမည်။)

**ဦးမြတ်ကျော်** ကဲ…ဆရာမရေ၊ ကြိုတင်ဇာတ်တိုက်ထားလို့ ဇာတ်လမ်းကတော့ ဖြောင့်သွားပြီ။ နို့မဟုတ်ရင် ဒို့များက ဘာကိုပဲ ပြောပြော၊ ဘာကိုပဲသင်သင်၊ တီချယ်လောက် မတတ်ဘူးချည်း ငြင်းနေတာပဲ။ ခုတော့ အဆင်ပြေကောင်းပါရဲ့။

**ဒေါ်ခတ္တာ** ကောင်းပါတယ် ဆရာကြီး၊ ခုလို ဆရာရယ်၊ မိဘရယ်၊ ကျောင်းသားရယ် ညှိနှိုင်းလုပ်တော့ ပညာရေးမှာ ပိုအောင်မြင်နိုင်တာပေါ့။

**ကားလိပ်ချ** ပြီးပါပြီ။

**ဇာတ်ဆရာ ကိုမြန်စာ**

## လေ့ကျင့်ခန်း

၁။ ပြဇာတ်ကပြရာတွင် ပံ့ပိုးပေးသူများကို ဖော်ပြပါ။
၂။ ပြဇာတ်ကပြရာတွင် ပြင်ဆင်ပါဝင်ရမည့် အချက်များကို ဖော်ပြပါ။
၃။ ဇာတ်ညွှန်းဆိုသည်မှာ အဘယ်နည်း။
၄။ သူသူမွန်က အဘိုးဖြစ်သူနှင့် ဆရာမတို့ နှစ်ဦးတွင် မည်သူကို ပို၍ အလေးထားသနည်း။
၅။ အဘိုးဖြစ်သူကို ဆရာမက ရိုသေစွာဆက်ဆံသောအခါ မြေးမလေး၏ စိတ်တွင် မည်သို့ဖြစ်နေသနည်း။
၆။ သူသူမွန်၏စိတ် ပြောင်းလဲသွားစေရန် အဘိုးဖြစ်သူက မည်သို့ စီစဉ်ခဲ့သနည်း။
၇။ ပညာရေး ပိုမိုအောင်မြင်နိုင်အောင် မည်သို့ လုပ်ဆောင်သင့်သနည်း။

DBE-Box—Copyright Protected

# သင်ခန်းစာ ၃၂ ဒိုးပတ်သံ (သံချပ်)



(အမျိုးနေ့် တကယ်မြတ်ပါတဲ့ ကိုးနဝရတ် ရောင်စုံခြယ်)[၂] (ဒိုးပတ်ကိုတဲ့လွယ်ပါတယ်၊ မြန်ပြည်နယ် ကျော်ကြား)[၂] (တီးလိုက်မယ်ကွဲ့ ရွှေဒိုးသံကို)[၃] မိုးထက်ယံ နတ်ထံကကြား၊ အလိုရှင်/အလိုဗျာ နတ်ထံကကြား။


**သံချပ်**

လုပ်အားပေးဖို့ ထွက်လို့လာ၊ ညီညီညာညာ လာကြလာကြ။
တစ်ယောက်တစ်လက် ဝိုင်းလို့ကူ၊ အများပြည်သူ ကောင်းဖို့ကောင်းဖို့။
ရပ်ရွာအကျိုး သယ်ပိုးတာ၊ ဝဖြိုးသာယာ ကျန်းမာဖို့ပဲ။
လက်တွေ့ဖွံ့ဖြိုး မမေ့ပါ၊ စုကာပေါင်းကာ လုပ်ကြကိုင်ကြ။
တံတားခင်းပါ လမ်းပြင်ပါ၊ အလုပ်ဆိုတာ ဂုဏ်ရှိတာပဲ။
ပေါက်ပြားကိုင်ကာ မြေဆွပါ၊ မြေပဒေသာ စိုက်ကြပျိုးကြ။
တို့ကျောင်းတော်ကြီး သန့်ရှင်းအောင်၊ ငါတို့မယ်မောင် ရှင်းကြလင်းကြ။
ကျောင်းရင်သွေးများ နိုးကြားပါ၊ တိုးပွားမြန်မာ ရွှေပြည်သစ်သို့။
ပညာချွန်အောင် ကြိုးစားမှာ၊ ဖြိုးကြွားနောင်ခါ ချမ်းသာမလွဲ။
မိဘဆရာတို့ မေတ္တာရေ၊ ကျွန်ုပ်တို့တစ်တွေ ခံယူပါ၏။
(ဟေ့ စိန်လား၊ ဟေ့ မြလား)[၂] ဟေးလား မောင် / မယ် ရို့ဝါး။


# သင်ခန်းစာ ၃၃ မေးကြည့် ဖြေကြည့် အဖြေရှာကြည့်ပါ

## မေးခွန်းမေးတမ်း ကစားကြရအောင်။





DBE Box — Copyright Protected







**နှစ်သက်ရာတိရစ္ဆာန်အကြောင်း အဖွဲ့လိုက် အမေးအဖြေ လုပ်ကြရအောင်။**




**အဖွဲ့တွင်း တာဝန်များကို ခွဲဝေကြရအောင်**

- မေးခွန်းမေးသူ ၁ ယောက် သို့မဟုတ် ၂ ယောက်
- ဖြေဆိုသူ ၁ ယောက်
- မေးခွန်းနှင့်အဖြေများကို မှတ်စုမှတ်သူ ၁ ယောက်

DBE Box - Copyright Protected

### အမေးအဖြေ ပြုလုပ်ပုံ အဆင့်ဆင့်

၁။ ဖြေကြားမည့်သူသည် မိမိနှစ်သက်ရာ တိရစ္ဆာန်၏ အမည်ကို မှတ်စုတွင်ရေးကာ ဝှက်ထားမည်။
(နှစ်သက်သော ပန်း၊ နှစ်သက်သော အစားအစာကို အဖြေအဖြစ် ဝှက်ထားနိုင်သည်။)

၂။ မေးခွန်းမေးမည့်သူသည် မေးခွန်းများကို စဉ်းစားကာမေးမည်။ မေးခွန်းမေးမည့်သူ ၂ ယောက်အထက် ရှိနေပါက တစ်လှည့်စီ မေးမည်။

၃။ မှတ်စုမှတ်မည့်သူသည် အမေး၊ အဖြေတို့ကို အခြားသူများ မြင်သာအောင် ရေးမည်။

၄။ မေးခွန်း ၁၀ ခုပြည့်ပါက မေးခွန်းမေးသူသည် မှတ်စုကို ကြည့်ကာ အဖြေကို စဉ်းစားပြီး မိမိမှတ်စုစာအုပ်တွင်ရေးမည်။

၅။ နောက်ဆုံးတွင် ဖြေကြားသူက ဝှက်ထားသော အဖြေကို ပြောကြားမည်။



အဖွဲ့တွင်းပါဝင်သူအားလုံးက မေးခွန်းမေးသူ၊ ဖြေဆိုသူ၊ မှတ်စုမှတ်သူ နေရာကို တစ်လှည့်စီ တာဝန်ယူ လုပ်ဆောင်ကြရအောင်

- မေးခွန်းတွေ အများကြီးမေးလို့ရတယ်။
- ဘယ်လိုမေးခွန်းတွေ မေးရင်ကောင်းမလဲဆိုတာ စဉ်းစားလို့ရတယ်။

DBE Box — Copyright Protected

# သင်ခန်းစာ ၃၄ ကိုယ့်ငယ်ဘဝအကြောင်းမေးပြီး စာစီစာကုံးရေးကြရအောင်



နမူနာ စာစီစာကုံးက မောင်ဇော်သက်ပိုင်ရဲ့ စာစီစာကုံးဖြစ်ပါတယ်။ ကလေးတို့လဲ မိသားစုကို ကိုယ်ငယ်ငယ်လေးတုန်းက အကြောင်းတွေကို မေးပြီး စာစီစာကုံးရေးကြည့်ကြရအောင်

ဇော်သက်ပိုင်

ကျွန်တော်ငယ်ငယ်က

ကျွန်တော်၏အမည်သည် မောင်ဇော်သက်ပိုင်ဖြစ်ပါသည်။ ကျွန်တော်သည် မေမေ့ကို ကျွန်တော်ငယ်ငယ်ကအကြောင်း မေးခဲ့ပါသည်။ မေမေပြောပြခဲ့သော ကျွန်တော့် အကြောင်းကို စာစီစာကုံးရေးပါမည်။

ကျွန်တော်သည် ပုသိမ်မြို့ဇာတိဖြစ်ပါသည်။ ငယ်ငယ်တုန်းက အငိုအလွန်သန်သည်။ ပုခက်နှင့်အိပ်ရသည်ကိုလည်းကြိုက်သည်။ မေမေက သီချင်းဆို၍သိပ်ပါသည်။ ကျွန်တော်သည် နွားနို့ အလွန်ကြိုက်သည်။ ဖေဖေ့ကဲ့သို့ အင်ဂျင်နီယာဖြစ်ချင်သည်ဟု မေမေက ပြန်ပြောပြပါသည်။

ယခုအခါ ကျွန်တော်ငယ်ငယ်ကနှင့်မတူညီမှုများ ရှိလာပါသည်။ နွားနို့ကို ယခင်က လောက် မကြိုက်သော်လည်း အင်ဂျင်နီယာဖြစ်ချင်သည်မှာမူ ငယ်ငယ်က အတိုင်းဖြစ်ပါသည်။ ကျွန်တော်ကြီးလာလျှင် အင်ဂျင်နီယာကြီးဖြစ်အောင် ကြိုးစားပါမည်။


**၁။ ဇော်သက်ပိုင်က စာစီစာကုံး ရေးနိုင်အောင် သူ့မေမေကိုမေးတဲ့ မေးခွန်းတွေကို စဉ်းစားကြည့်ကြရအောင်။**





DBE Box – Copyright Protected

၂။ စာစီစာကုံးရေးဖို့အတွက် ဘယ်သူ့ကို မေးခွန်းတွေမေးကြည့်မလဲ။ ဘယ်အချက်တွေကို မေးမလဲ။



၃။ မေးရမဲ့သူကို သတ်မှတ်ထားတဲ့မေးခွန်းတွေမေးပြီး ပြောတာတွေမမေ့ရအောင် မှတ်စုမှာ ရေးမှတ်လာကြရမယ်နော်။

**မှတ်စုနမူနာ**

| | |
|---|---|
| အမည် | ကောင်ဝင်းခိုင် |
| မွေးရပ်ဇာတိ | ကျုံပျော်မြို့ |
| အနေအထိုင် အပြုအမူ | အလွန်အေးဆေး အမြင့်<br>ရှိသည် |
| လူကြီးမိဘတွေရဲ့ ချစ်ခင်<br>ကြင်နာတဲ့ အပြုအမူ | ညတိုင်း ပုံပြောပြသည် |
| ထူးခြားချက်များ | မိမိပန်းဥယျာဉ်ကို ဂေသာ တာဝန်ယူ<br>သိမ်းသည် |
| ကြိုက်နှစ်သက်တဲ့အစားအစာ | ကန်စွန်းဥ |
| ငယ်စဉ်က ရည်မှန်းချက် | ကျောင်းဆရာ |



DBE Box – Copyright Protected

**၄။ မေးထားတဲ့ အချက်တွေကို အခြေခံပြီး ဘယ်လိုစာစီစာကုံးရေးရမယ်ဆိုတာကို စဉ်းစားကြရအောင်။**

| | |
|---|---|
| နိဒါန်း | မိမိအမည်ကို စတင်မိတ်ဆက်ရေးသားမည်<br>မည်သည့်အကြောင်းအရာကို ရေးသားမည်<br>မည်သူ့ကို မေးမြန်းခဲ့သည် (သာဓက။ ။ မေမေ့ကို) |
| စာကိုယ် | • မွေးရပ်ဇာတိ<br>• အနေအထိုင်အပြုအမူ<br>• လူကြီးမိဘတွေရဲ့ ချစ်ခင်ကြင်နာတဲ့ အပြုအမူ<br>• ထူးခြားချက်များ<br>• နှစ်သက်သော အရုပ်<br>• နှစ်သက်သော အစားအစာ<br>• ငယ်စဉ်က ဖြစ်ချင်ခဲ့သောအရာ စသည် |
| နိဂုံး | • ငယ်ငယ်ကနှင့်ယခု မတူတော့သည့်အချက်<br>• သိပြီး အံ့အားသင့်ရသည့်အချက်အလက် စသည် |

**၅။ ရေးမဲ့အကြောင်းအရာကို အဖွဲ့ထဲမှာ ပြောကြည့်ကြရအောင်။**



**၆။ ကိုယ့်ရဲ့ငယ်ဘဝအကြောင်းကို စာစီစာကုံး ရေးကြည့်ကြရအောင်။**
**(ဖော်သက်ပိုင်၏ စာစီစာကုံးကို နမူနာကြည့်ရှုနိုင်သည်။)**




**၇။ ရေးထားတာတွေကို သူငယ်ချင်းတွေနဲ့အပြန်အလှန် လဲလှယ်ဖတ်ကြည့်ကြရအောင်။**



DBE Box – Copyright Protected

# သင်ခန်းစာ ၃၅ ပြန်လှန်သင်ကြားခြင်း (၂)

၁။ တစ်နှစ်တာလုံး ဘာတွေသင်ကြားခဲ့သလဲဆိုတာ စဉ်းစားကြည့်ကြရအောင်။



- ကျောင်းသုံးစာအုပ်နဲ့မှတ်စုစာအုပ်ပေါ် မူတည်ပြီးစဉ်းစားကြမယ်။

၂။ ကိုယ်မှတ်မိနေတဲ့ သင်ခန်းစာတွေကို သူငယ်ချင်းနဲ့ပြောကြည့်ကြရအောင်။



- ဘယ်သင်ခန်းစာကို မှတ်မိသလဲ။
- ဘာကြောင့် မှတ်မိတာလဲ။
- ဘာတွေထူးခြားသလဲ။
- သင်ခန်းစာကတစ်ဆင့် ဘာတွေပိုပြီး တတ်မြောက်သွားသလဲ။
- ခက်ဆစ်စကားလုံးတွေထဲက နှစ်သက်ရာ စကားလုံးကို ရှာကြမယ်။

၃။ ဘယ်သင်ခန်းစာကို ကြိုးစားပြီး လုပ်ဆောင်ခဲ့သလဲ။



- သူငယ်ချင်းတွေကို ကိုယ့်အကြံဉာဏ်တွေ ပြောပြခဲ့တယ်။
- ဆရာသင်နေတုန်း မှတ်စုသေချာမှတ်ခဲ့တယ်။

DRE Box — Copyright Protected

## ၃၅။ ပြန်လှန်သင်ကြားခြင်း (၂)

၄။ ဘယ်လိုအကြောင်းအရာ၊ အဖြစ်အပျက်တွေ ထူးခြားတာရှိသလဲ။ သင်ခဲ့တာပေါ်မူတည်ပြီး ရရှိခဲ့တဲ့အတွေးအမြင်တွေကိုမှတ်စုမှာ ရေးကြည့်ကြရအောင်။

၅။ ပဉ္စမတန်းမှာ ဘယ်လိုသင်ခန်းစာတွေကို သင်ချင်သလဲဆိုတာ မှတ်စုမှာ ရေးကြည့်ကြရအောင်။

DBE Box – Copyright Protected

## သင်ခန်းစာ ၃၆ မြန်မာ့သူရဲကောင်း (သီချင်း)



(မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်. . . တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲ ဒုက္ခခံကာ ကြံစည်တယ်. . . သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်. . . )၂

ငါတို့မြန်မာပြည်. . . အမိ အဖတိုင်းကကွယ် ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးရမယ်။ ငါတို့ မြန်မာပြည်ဝယ်. . . အမိအဖအပေါင်းတို့က ကွယ် အာဇာနည်အစစ်ကို တို့တစ်တွေမွေးရမယ်။ ဩော်. . . ဘုရင့်နောင်နဲ့ ရာဇာဓိရာဇ်တို့လို မင်းရဲကျော်စွာ ပမာပုံနှယ် အလောင်းဘုရား တို့လိုကွယ်. . . မြန်မာတိုင်း မြန်မာမျိုး အား ကိုး လောက်ပေတဲ့. . . မကြောက်တမ်း မရွံ့တမ်း မြန်မာတွေအောင်ပန်းဆွတ်ရှာလေတယ်။

သံပြိုင် ။ ။ (ရာဇဝင် အတ္ထုပ္ပတ္တိလဲရှိရမယ် မော်ကွန်းလဲထိုးလောက်တယ်
မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်း ရယ်)၂

တိုင်းပြည်အကျိုး စွန့်ခဲ့တဲ့ မျိုးဇာနည်နွယ် လွတ်လပ်ဖို့ တို့များကို ကျွန်တွင်းမှကယ် တို့မြန်မာတွေ စိုးမိုးဖို့ မျှော်ကြရှာလို့ ပေါ်လာတယ်။

မြန်မာနိုင်ငံ ထူထောင်ရန်အတွက် မျိုးရိုးမတိမ်အောင်. . . ကြံဆောင်လေတယ် နေမျိုးသာကီ မြန်မာပြည်လက်ရုံး. . . မြန်မာနိုင်ငံအလုံး ထင်ပေါ်စေတယ်. . . စိတ်အားသန်သန် မာန်ကိုမလျှော့တယ် ငါတို့လူမျိုး တန်ခိုးရှိဖို့ သူရဲကောင်းတွေ စုံညီတယ်. . .
တကယ်ပင်. . . သတိုးမဟာ ဗန္ဓုလနှယ် အစွမ်းသတ္တိ ရာဇဝင်ပြောင်တယ်. . . သားကောင်းများလို့ ခေါ်ရလောက်ပေတယ်. . . ဥဒါန်းတွင်စေဖွယ် မြန်မာသူရဲကောင်း အပေါင်းတွေရယ်။

သံပြိုင် ။ ။ (ရာဇဝင် အတ္ထုပ္ပတ္တိလဲရှိရမယ်. . . . . . ဗိုလ်အောင်ဆန်းရယ်)၂

တိုင်းပြည်အကျိုး . . . . . . မျှော်ကြရှာလို့ ပေါ်လာတယ်။

DBE Box - Copyright Protected

# ခက်ဆစ်စကားလုံးများ


**က**

ကတွတ်ပေါက် ၅၇
ကာပြန် ၅၇
ကန်တော့ ၆၁
ကျူးရင့် ၆
ကျေးဖူး ၆၁

**ခ**

ခရီးဦးကြို ၆

**ဂ**

ဂုဏ်သိက္ခာ ၅၇

**စ**

စီးတော်မြင်း ၆
စေတနာ ၆

**ဆ**

ဆားပေါက်သောမြေ ၁၃
ဆုလာဘ် ၅၇
ဆည်းဆာ ၄၀

**ဇ**

ဇာတ်နိပါတ် ၃၂

**တ**

တာဝတိံသာ ၆၁
တောကစား ၆
တစ်ဖို့တည်း ၆
တန်ဆေးလွန်ဘေး ၁၃

**ထ**

ထိုးဇာတ် ၃၂

**န**

နံရံဆေးရေးပန်းချီ ၄၀
နောင်လာနောက်သား ၆

**ပ**

ပလို့ ၃၂
ပူဇော် ၆၁

**ဗ**

ဗိသုကာလက်ရာ ၄၀
ဗုဒ္ဓဝင် ၃၂

**ဘ**

ဘိုးဘေး ၆

**မ**

မြေဝိုင်းဇာတ် ၃၂
မြို့ရိုး ၄၀
မြိန်ရှက်စွာ ၆
မှတ်သားထိုက်ပေစွ ၆
မျှော်လင့် ၆

**ယ**

ယိမ်းအက ၃၂

**ရ**

ရေနံမီးတိုင် ၃၂
ရည်စူး ၆၁

**လ**

လုလင် ၅၇

**သ**

သမိုင်းဝင် ၄၀
သလော ၆
သာမန် ၁၃
သုတေသန ၄၀
သင့်မြတ် ၆
သန်လျက် ၅၇
သုံးဆောင် ၆

**ဟ**

ဟန်အက ၃၂

**အ**

အရသာပေါ့ပြက်ပြက် ၁၃
အရှင့်သား ၆
အောက်လင်းဓာတ်မီး ၃၂

**ဩ**

ဩဝါဒ ၄၀


DBE Box — Copyright Protected